နည်းပညာရပ်ဆိုင်ရာ လမ်းညွှန်

# လူသားခြင်းစာနာမှု အကူအညီပေးရေး လုပ်ငန်းစဉ်များတွင် ကျား၊မ အခြေပြု အကြမ်းဖက်မှုအား ထည့်သွင်းဆောင်ရွက်ခြင်း လုပ်ငန်းလမ်းညွှန်

ဘေးအန္တရာယ် လျော့ချရေး၊ ကြံ့ခိုင်မှု မြှင့်တင်ရေး၊
ပြန်လည်ထူထောင်ရာ အကူအညီပေးရေး

စခန်း ညှိနှိုင်းဆောင်ရွက်မှုနှင့်
စခန်း စီမံခန့်ခွဲမှု

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

## ပညာရေး

စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေး

ကျန်းမာရေး

အိုးအိမ်၊ မြေယာနှင့် ဥစ္စာပစ္စည်း

အသက်မွေးဝမ်းကျောင်းမှု

အာဟာရ

ကာကွယ်စောင့်ရှောက်မှု

နေထိုင်စရာ၊ အခြေချနေထိုင်မှုနှင့်
ပြန်လည်ထူထောင်ရေး

ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ
သန့်ရှင်းရေး

Global Protection Cluster
GBV Prevention and Response

IASC
Inter-Agency Standing Committee

This Myanmar edition of ပညာရေး is published by UNFPA Myanmar in 2017. This is a translation from the English edition of Guidelines for Integrating Gender-Based Violence in Humanitarian Action: Reducing risk, promoting resilience and aiding recovery, Education, first published in 2015.

These GBV Guidelines were independently translated by UNFPA Myanmar. myanmar.unfpa.org

### ဤကဏ္ဍမှ လေ့လာသိရှိမည့် အကြောင်းအရာများ

- ပညာရေးဆိုင်ရာညှိနှိုင်းဆောင်ရွက်လုပ်ကိုင်သည့်နည်းလမ်းများ
- ပညာရေးလုပ်ကိုင်ဆောင်ရွက်နေသူများ (ဝန်ထမ်းနှင့် ခေါင်းဆောင်မှုရာထူး)၊ NGOs ၊ ရပ်ရွာအခြေပြု လူထုအဖွဲ့အစည်းများ (အမျိုးသားကြက်ခြေနီ/လခြမ်းနီအဖွဲ့များအပါအဝင်)၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများ (INGOs)၊ ကုလသမဂ္ဂအဖွဲ့များ
- ဒေသကော်မတီအဖွဲ့များနှင့် ရပ်ရွာအခြေပြုအဖွဲ့များ ( ဥပမာ- အမျိုးသမီးများ/ ဆယ်ကျော်သက်များ/ လူငယ်များနှင့် လူကြီးများ ပါဝင်သည့် အဖွဲ့များ
- နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်အစိုးရ၊ လူထုခေါင်းဆောင်နှင့် အရပ်ဖက်အဖွဲ့အစည်းများ အပါအဝင် အခြားသော ပညာရေးတွင် ပါဝင်ပတ်သက် လုပ်ဆောင်သူများ

# ကျားမ ရေးရာ အခြေပြု အကြမ်းဖက်မှု (GBV) သတ်မှတ်ဖော်ထုတ်ခြင်းသည် အဘယ်ကြောင့် ပညာရေးကဏ္ဍ၏ အလေးထားစရာ အကြောင်းအရာ တစ်ရပ်ဖြင့် ဆောင်ရွက်လုပ်ကိုင် နေသလဲ။

လူသားချင်းစာနာထောက်ထားသည့်အကူအညီ လိုအပ်သော ဒေသများ၌ အရေးအပေါ် အခြေအနေတွင် ကျောင်းတက်ရခြင်းသည် အန္တရာယ်ရှိသော ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားချင်းစာနာ ထောက်ထားမှု၏ အရေးအပေါ် အခြေအနေများက လူမှုအသိုင်းအဝိုင်း၏ စံသတ်မှတ်ထားသည့် ကာကွယ်ရေး နည်းစနစ်များ ယိုယွင်းလာခြင်းကြောင့် ကျောင်းသူ/သားများနှင့် ပညာရေးဝန်းထမ်းများက အထူးသဖြင့် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခြင်း၊ လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းနှင့် သွေးဆောင်ဖြားယောင်းမှုများကို ကျောင်းသွား ကျောင်းပြန် အချိန်များတွင် ပိုမိုကြုံတွေ့နိုင်သည်။ အချိန်ပြည့်ကြီးကြပ်သည့် ဝန်ထမ်းမရှိခြင်းသည်လည်း အနိုင်ကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အနှောင့်ယှက်ပေးခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်း စသည့် ကိစ္စရပ်များကို ကျောင်းဝင်းအတွင်း၌ပင်ဖြစ်ပွားပြီး သက်တူရွယ်တူများ၊ ဆရာများနှင့် အရွယ်ရောက်ပြီးသူများက ပြုကျင့်ခြင်းများကို ကြုံတွေ့နိုင်သည်။

ကျင့်ဝတ်သိက္ခာမရှိသော ဆရာများအနေဖြင့် ၎င်းတို့၏ရာထူး၊အဆင့်တန်းများကို အသုံးချကာ ကျောင်းသူ/သားများအပေါ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်၊ အမြတ်ထုတ်နေမှုများလဲ ရှိနိုင်သည်။ UNHCR နှင့် Save the Children UK အဖွဲ့တို့၏ ၂၀၀၂ အစီရင်ခံစာသည် အာဖရိကအနောက်ဘက်ရှိ ဒုက္ခသည် စခန်းများတွင် လူမှုရေးဆိုင်ရာလုပ်သားများက အမျိုးသမီးငယ်များနှင့် မိန်းကလေးများအပေါ် လိင်ပိုင်ဆိုင်ရာ အမြတ်ထုတ် ခေါင်းပုံဖြတ်မှုများအကြောင်းကို လူအများက ကျယ်ကျယ်ပြန့်ပြန့် လာသည်။ ဆရာများသည် ကျူးလွန်သူအုပ်စုထဲက အဓိက တစ်ဖွဲ့အနေဖြင့် ဖော်ထုတ်တွေ့ရှိပြီး ကျောင်းသူ/များအပေါ် ၎င်းတို့၏ ရာထူးအာဏာကို အခွင့်ကောင်းယူကာ ကျောင်းသူကျောင်းသားများအား အမှတ်/အဆင့် နှင့် အထူးအခွင့်ကောင်းပေးပြီး ၎င်းတို့ဆီမှ လိင်မှုကိစ္စကို ရယူကြသည်။

အရေးပေါ် အခြေအနေတွင် ပညာသင်ကြားခြင်းသည် ဓလေ့အရ ပညာရေးစနစ် ပျက်ပြား လာသောကြောင့် စိန်ခေါ်မှု တစ်ရပ်ဖြစ်လာပေးသည်။

- မြို့ပြဒေသတွင် နေထိုင်သော ဒုက္ခသည်စခန်းမှကလေးများ/ အိုးအိမ်မဲ့ကလေးများသည် ကျောင်းလခ မတတ်နိုင်သောအခါ သို့မဟုတ် ကျောင်းတွင် ကျောင်းသူကျောင်းသားအရေအတွက် များနေသောအခါ ၎င်းတို့အနေဖြင့် ခက်ခဲစွာ ကျောင်းတက်ရသည်။
- စခန်းနေရာတွင် ရှိနေသော ပညာရေးစီမံချက်များသည် မူလတန်းအဆင့် မရှိပါ သို့မဟုတ် ကန့်သတ်မှု ရှိနေပါသည်။
- မသန်စွမ်းကလေးများသည် အပြည်ပြည်ဆိုင်ရာဒီဇိုင်း၏ စည်းမျဉ်းများ သို့မဟုတ် ဆီလျော်သော နေရာထိုင်ခင်း မရှိသည့် ပညာရေးစီမံချက်များတွင် ၎င်း၏ ပူးပေါင်းပါဝင်မှုကို ပိတ်ပင်တားဆီးနိုင်သည်။
- မိဘများအနေဖြင့် ၎င်းတို့၏ ကလေးများ ကျောင်းသွား/ပြန်လမ်းမှာ GBV အန္တရာယ်ကြုံတွေ့မည် ကို စိုးရိမ်သောကြောင့် မိန်းကလေးများကို ကျောင်းသို့ပို့ရန် စိုးရိမ်နေနိုင်သည်။

| စီမံကိန်းတစ်လျှောက် ဘေးအန္တရာယ်လျှော့ချရေး၊ ဘေးဒဏ်ခံနိုင်မှု မြင့်တင်ခြင်းနှင့် ပြန်လည် ထူထောင်မှုကို ထောက်ပံ့ပေးရန်အတွက် အဓိကလိုအပ်သော လုပ်ငန်းစဉ်များ | လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်နိုင်သော အရေးပေါ်အနေခြေ အဆင့်များ | | | |
|---|---|---|---|---|
| အကဲဖြတ်ဆန်းစစ်ခြင်း၊လေ့လာသုံးသပ်ခြင်းနှင့်လုပ်ငန်းစဉ်ရေးဆွဲခြင်း | အရေးပေါ် အခြေအနေ ကြိုတင် ကာကွယ် | အရေးပေါ် အခြေ အနေ | တည်ငြိမ် သော အဆင့် | ပြန်လည် ထူထောင် ခြင်း |
| ပညာရေးအကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်အားလုံးတွင် အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အခြားသော အန္တရာယ်ရှိအုပ်စုများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှုကို အားပေးမြှင့်တင်ပါ | ✓ | ✓ | ✓ | ✓ |
| ပညာရေးဆိုင်ရာ စီမံချက်၏ ရှုထောင့်အားလုံးမှ အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်း ကလေးများနှင့် အခြားသော အန္တရာယ်ရှိအုပ်စုများ၏ ပူးပေါင်းပါဝင်မှုနှင့် ခေါင်းဆောင်မှုအဆင့်များကို အကဲဖြတ်ဆန်းစစ်ပါ။ (ဥပမာ- အမျိုးသား/သမီး ပညာရေးဝန်ထမ်း၏ အချိုး၊ အုပ်ချုပ်ရေးဝန်ထမ်းများ (administrative)၊ ဆရာမများအနေဖြင့် ခန့်အပ်ခြင်းနှင့် ဆက်လက်ခန့်ထားခြင်းဆိုင်ရာ နည်းဗျူဟာများ၊ ရပ်ရွာအခြေပြုပညာရေးကော်မတီ နှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ (သင့်တော်မည့်နေရာ) ဆယ်ကျော်သက်မိန်းကလေးများနှင့် အခြားအန္တရာယ် အုပ်စုများ၏ ပါဝင်မှုများ စသည်အားဖြင့်) | ✓ | ✓ | ✓ | ✓ |
| အမျိုးသမီးငယ်များ- အထူးသဖြင့် ဆယ်ကျော်သက်မိန်းကလေးများ၏ ပညာရေးသင်ကြားသည့် အခွင့်အလမ်းကို အကျိုးသက်ရောက်စေနိုင်သည့် ရပ်ရွာလူထု၏ စံသတ်မှတ်ချက်နှင့် အလေ့အကျင့်များကို သတ်မှတ်ဖော်ထုတ်ပါ။ ( ဥပမာ- မိန်းကလေးငယ်များ ကျောင်းတက်ခြင်းကို တားဆီးပိတ်ပင်သည့် အိမ်မှုကိစ္စတာဝန်များ၊ ကလေးများ သို့မဟုတ် အတင်းအဓမ္မလက်ထပ်စေခြင်း၊ ကိုယ်ဝန်ဆောင်မှု၊ အမျိုးသမီးလစဉ်သုံး တကိုယ်သန့်ရှင်းမှုဆိုင်ရာ ပစ္စည်းများ မရရှိခြင်း၊ ကျောင်းလခ၊ မိန်းကလေးငယ်များ ပညာသင်ယူမှုအပေါ် ထားရှိသော ကျားမရေးရာညီမျှမှု မရှိသောစိတ်နေသဘောထားများ၊ တစ်စုံတစ်ခုသောအဖွဲ့၏ကဲ့ရဲ့ဝေဖန်မှုများ စသည်အားဖြင့်) | ✓ | ✓ | ✓ | ✓ |
| GVB၏ အန္တရာယ်ကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ပညာသင်ကြားသည့် ပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့် လက်လှမ်းမီမှုကို ဆန်းစစ်လေ့လာပါ။ (ဥပမာ ကျောင်းမှအိမ်သို့ အသွားအပြန်ခရီး၊ မိန်းကလေးငယ် ယောကျ်ားလေး သီးခြား သတ်မှတ်ထားသော ဘေးကင်း လုံခြုံသော ကျောင်းသုံးအိမ်သာများ၊ အဆောက်အဦး အတွင်းအပြင်နှင့် အနီးတစ်ဝိုက်တွင် လုံလောက်သော အလင်းရောင်ရရှိမှု၊ ကျောင်းလုံခြုံရေးအစောင့်များ၊ မသန်စွမ်းကျောင်းသူ/သား များနှင့် ဆရာ/မ များ၏ အကာအကွယ်ရရှိမှု စသည့်အားဖြင့်......) | ✓ | ✓ | ✓ | ✓ |

| စီမံကိန်းတစ်လျှောက် ဘေးအန္တရာယ်လျှော့ချရေး၊ ဘေးဒဏ်ခံနိုင်မှု မြင့်တင်ခြင်းနှင့် ပြန်လည် ထူထောင်မှုကို ထောက်ပံ့ပေးရန်အတွက် အဓိကလိုအပ်သော လုပ်ငန်းစဉ်များ | လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်နိုင်သော အရေးပေါ်အနေခြေ အဆင့်များ | | | |
|---|---|---|---|---|
| အကဲဖြတ်ဆန်းစစ်ခြင်း၊လေ့လာသုံးသပ်ခြင်းနှင့်လုပ်ငန်းစဉ်ရေးဆွဲခြင်း | အရေးပေါ် အခြေအနေ ကြိုတင် ကာကွယ် | အရေးပေါ် အခြေ အနေ | တည်ငြိမ် သော အဆင့် | ပြန်လည် ထူထောင် ခြင်း |
| လူမှုစံနှုန်းစည်းမျဉ်းစည်းကမ်းနှင့် ကျားမရေးရာ၊ GVB၊ လူ့အခွင့်အရေး၊ လူမှုရေးအရဘေးဖယ်ခံရမှု၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနှင့် စပ်လျဉ်းသည့် အခြေခံကျသော ပြဿနာများအပေါ် ပညာရေး ဝန်ထမ်းများ၏ အသိအမြင်ဗဟုသုများကို ဆန်းစစ်လေ့လာပါ (ဥပမာ- အန္တရာယ်မှ လွတ်မြောက်လာသူအနေဖြင့် ဘေးအန္တရာယ်ကို သတင်းပို့တိုင်တန်းနိုင်သောနေရာနှင့်စောင့်ရှောက် ကုသမှုခံယူနိုင်သောနေရာ၊ GVB အန္တရာယ်လျှော့ချရေးနှင့် ပညာရေးစီမံကိန်းလုပ်ငန်းစဉ်ရေးဆွဲ ရေးချိတ်ဆက်မှု စသည့် အသိပညာဗဟုသုများ ပါဝင်ပါသည်) | ✓ | ✓ | ✓ | ✓ |
| ကျောင်းသူကျောင်းသားများမှ သတင်းပို့တိုင်တန်းလာသော GVB ဖြစ်စဉ်အပေါ် ပညာရေးလုပ်ငန်းစီမံချက်များ၏ ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်နှင့် ကိုက်ညီသော တုံ့ပြန်မှုစွမ်းရည် တို့ကိုလေ့လာဆန်းစစ်ပါ( လေ့ကျင့်ထားသောဖြစ်ရပ် ဝန်ထမ်းများ၊ စံသတ်မှတ်ထားသော တိုင်တန်းမှုနည်းစနစ်များနှင့် စောင့်ရှောက်မှု စနစ်များ၊ လျှို့ဝှက် ထိန်းသိမ်းမှု၊GBV ဖြစ်စဉ်ကို တိုင်းတန်သည့်နည်းလမ်းနှင့် နေရာနှင့်ဆိုင်သော ကျောင်းသူကျောင်းသားများ၏ အသိဗဟုသုတ၊ ပညာရေးဝန်ထမ်းများကျူးလွန်သော လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုအပေါ် ထိရောက်စွာ တုံ့ပြန်အရေးယူမှု စသည်) | ✓ | ✓ | ✓ | ✓ |
| GBV ကိုတားဆီးကာကွယ်သည့် သတင်းအချက်အလက်များကို ထည့်သွင်းနိုင်သည့် အခွင့်အလမ်း များ ဖော်ထုတ်နိုင်ရန် လက်ရှိ/အထက်သို့ တင်ပြထားသော သင်ကြားရေး သင်ရိုးညွှန်းတမ်းများကို ပြန်လည်ဆန်းစစ်ရန် ( ဥပမာ- ကျားမရေးရာတန်တူညီမျှမှု၊ GBV၊ လိင်မှုရေးရာနှင့် မျိုးဆက်ပွား ကျန်းမာရေး စသည့် သတင်းအချက်အလက်များ | ✓ | ✓ | ✓ | ✓ |
| GBV ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ သတင်းအချက်အလက်များ ထည့်သွင်းနိုင်သည့် အခွင့်အလမ်းများ ဖော်ထုတ်ရန် ပညာရေးနှင့် စပ်လျဉ်းသော လူထုကွင်းဆင်း အသုံးအဆောင် ပစ္စည်းများကို လေ့လာဆန်းစစ်ပါ၊ ( တားဆီးကာကွယ်ရေးနှင့် ဘေးအန္တရာယ်ကို သတင်းပို့တိုင်တန်း နိုင်သည့် နေရာများ ပါဝင်ပါသည်) | ✓ | ✓ | ✓ | ✓ |

| စီမံကိန်းတစ်လျှောက် ဘေးအန္တရာယ်လျှော့ချရေး၊ ဘေးဒဏ်ခုခံနိုင်မှု မြင့်တင်ခြင်းနှင့် ပြန်လည် ထူထောင်မှုကို ထောက်ပံ့ပေးရန်အတွက် အဓိကလိုအပ်သော လုပ်ငန်းစဉ်များ | လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်နိုင်သော အရေးပေါ်အနေခြေ အဆင့်များ | | | |
|---|---|---|---|---|
| အရင်းအမြစ်များစည်းရုံးစုဆောင်းခြင်း | အရေးပေါ် အခြေအနေ ကြိုတင် ကာကွယ် | အရေးပေါ် အခြေ အနေ | တည်ငြိမ် သော အဆင့် | ပြန်လည် ထူထောင် ခြင်း |
| GBV အန္တရာယ်ထိခိုက်ခံရသော လူအုပ်စုအတွက်  GBV အန္တရာယ်၏ အသိမြင်ဗဟုသုတနှင့် ထိုဘေးအန္တရာယ်ကို လျှော့ချသည့် နည်းဗျူဟာများကို ထင်ဟပ်စေသည် ပညာရေးစီမံချက် အဆိုပြုလွှာရေးသားပါ။ | ✓ | ✓ | ✓ | ✓ |
| GBV ကိုလျော့ပါးစေသည့် ပညာရေးအတွက် အသက်အရွယ်၊ ကျားမနှင့် ထုံးတမ်းအစဉ်အလာအရ သင့်တော်သောအထောက်အပံ့များကို ဖော်ထုတ်သတ်မှတ်ပြီး ပြန်လည်ထားရှိပါ။( ဥပမာ အခြား အရေးပေါ်ပညာပေး ပစ္စည်းထားရှိမှု၊ ကျောင်းဝတ်စုံနှင့် အခြားသင့်လျော်သော အဝတ်အစားများ၊ မျိုးဆက်ပွားအရွယ်ရှိ ကျောင်းသူများနှင့် ဆရာမများအတွက် ကျန်းမာရေးဆိုင်ရာ တကိုယ်ရေး သန့်ရှင်းမှုဆိုင်ရာ ပစ္စည်းများ စသည်...) | ✓ | ✓ | ✓ | ✓ |
| ဌာနဆိုင်ရာများနှင့် ပညာရေးဝန်ထမ်းများအား သင်တန်းပို့ချခြင်း (ပထမဆုံးတုံ့ပြန်သူ ပညာရေးဝန်ထမ်းများ)နှင့် ဆီလျော်သောရပ်ရွာလူထုအဖွဲ့ဝင်များ အပါအဝင် GBV အန္တရာယ်ကို လျော့ပါးစေသည့် ပညာရေးလုပ်ငန်းစဉ်၏ အကောင်အထည်ဖော်မှုနှင့် ဘေးကင်းလုံခြုံမှုဒီဇိုင် ဆိုင်ရာ သင်တန်းများကို ပို့ချပေးပါ။ | ✓ | ✓ | ✓ | ✓ |
| အမျိုးသမီးဦးတည်အုပ်စုနှင့် အခြားသော အန္တရာယ်ရှိ အုပ်စုများအား အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ အထူးသဖြင့် ဆုံးဖြတ်ချက်ချမှုဖြစ်စဉ်တွင် သူတို့ကိုယ်စားပြု ပါဝင်နိုင်သော ခေါင်းဆောင်မှု သင်တန်းများ ပို့ချပါ။ | ✓ | ✓ | ✓ | ✓ |

| စီမံကိန်းတစ်လျှောက် ဘေးအန္တရာယ်လျော့ချရေး၊ ဘေးဒဏ်ခံနိုင်မှု မြင့်တင်ခြင်းနှင့် ပြန်လည် ထူထောင်မှုကို ထောက်ပံ့ပေးရန်အတွက် အဓိကလိုအပ်သော လုပ်ငန်းစဉ်များ | လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်နိုင်သော အရေးပေါ်အနေခြေ အဆင့်များ | | | |
|---|---|---|---|---|
| လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | အရေးပေါ် အခြေအနေ ကြိုတင် ကာကွယ် | အရေးပေါ် အခြေ အနေ | တည်ငြိမ် သော အဆင့် | ပြန်လည် ထူထောင် ခြင်း |
| **လုပ်ငန်းစဉ်များရေးဆွဲခြင်း** | ✓ | ✓ | ✓ | ✓ |
| ပညာရေးစီမံချက် ရေးဆွဲရာတွင် အမျိုးသမီးများနှင့် အခြားသော အန္တရာယ်ရှိအုပ်စုများအား ဝန်ထမ်းအနေဖြင့် သော်လည်ကောင်း ခေါင်းဆောင်အနေဖြင့် သော်လည်ကောင်း ပါဝင်စေပါ (GBV ဘေးအန္တရာယ်များ တိုးများလာခြင်း သို့မဟုတ် ဘေးကင်းလုံခြုံမှုကို ထိခိုက်စေသည့် ဘေးအန္တရာယ် ကျရောက်သည့် နေရာကို သတိချပ်ပါ) | ✓ | ✓ | ✓ | ✓ |
| အမျိုးသမီးများ၊ ဆယ်ကျော်သက် မိန်းကလေးများနှင့် အခြားသော အန္တရာယ်ရှိအုပ်စုများအတွက် ပညာရေးသင်ကြားနိုင်သည့် အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်စေသည့် နည်းဗျူဟာများ လက်တွေ့အကောင်အထည်ဖော်ပါ (သင်ကြားမှု အထောက်အကူများပြန်လည်း ဖွဲ့စည်းခြင်း၊ သမရိုးကျမဟုတ်သော ပညာရေးလုပ်ငန်းစဉ်များ၊ ကျောင်းအသုံးစရိတ်အတွက် ရန်ပုံငွေ၊ ကျောင်းပြင်ပကလေးများ ကျောင်းပြန်လည်အပ်နှံမှု၊ အပြည်ပြည်ဆိုင်ရာ ဒီဇိုင်နှင့် ဆီလျော်သော နေရာထိုင်ခင်း စသည့်တို့ကို ပြန်လည်ဖွဲ့စည်းခြင်း) | ✓ | ✓ | ✓ | ✓ |
| ကျောင်းပတ်ဝန်းကျင် ဘေးကင်းလုံခြုံမှုကို မြင့်တင်ပေးသည့် နည်းဗျူဟာများ (အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ အမျိုးသားများနှင့် ယောက်ျားလေးများနှင့် တိုင်ပင်ပြီး) လက်တွေ့ အကောင်အထည်ဖော်ပါ။ | ✓ | ✓ | ✓ | ✓ |
| ပညာရေးလုပ်ငန်းစဉ်များတွင် ဝန်းထမ်းများအနေဖြင့် GBV ဘေးအန္တရာယ်လျော့ချရန်အတွက် စဉ်ဆက်အပြတ် အထောက်အပံ့ပေးခြင်းနှင့် သင်တန်းပို့ချခြင်းမှတစ်ဆင့် ၎င်းတို့၏ စွမ်းဆောင်ရည် များကို မြင့်တင်ပါ။ (ဥပမာ- ကျားမရေးရာ၊ GBV၊ အမျိုးသမီးအခွင့်အရေး/လူ့အခွင့်အရေး၊ လူမှုဘေးဖယ်ခံရမှုနှင့် လိင်မှုရေးရာ သင်တန်းများ ပို့ချပေးခြင်း၊ ပညာရေးဝန်ထမ်းများ အားလုံးအား လိုက်နာရမည့်စံသတ်မှတ်ချက်များကို နားလည်းသဘောပေါက်စေရန် လက်မှတ်ထိုးစေပြီး သေချာလုပ်ဆောင်ရန်နှင့် ကျောင်းဆရာများနှင့် ပူးပေါင်းပြီ အကြမ်းဖက်မှုကင်းစင်းသော ပတ်ဝန်းကျင်ဖန်တီးရန် စသည်အားဖြင့် | ✓ | ✓ | ✓ | ✓ |

| စီမံကိန်းတစ်လျှောက် သွေးအန္တရာယ်လျှော့ချရေး၊ သွေးဒဏ်ခံနိုင်မှု မြင့်တင်ခြင်းနှင့် ပြန်လည် ထူထောင်မှုကို ထောက်ပံ့ပေးရန်အတွက် အဓိကလိုအပ်သော လုပ်ငန်းစဉ်များ | လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်နိုင်သော အရေးပေါ် အနေခြေ အဆင့်များ | | | |
|---|---|---|---|---|
| လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | အရေးပေါ် အခြေအနေကြိုတင်ကာကွယ် | အရေးပေါ် အခြေအနေ | တည်ငြိမ်သော အဆင့် | ပြည်လည် ထူထောင်ခြင်း |
| GBV ကျွမ်းကျင်ပုဂ္ဂိုလ်များနှင့် တိုင်ပင်ပြီး သွေးကင်းလုံခြုံပြီး လျှို့ဝှက်ထိန်းသိမ်းမှုရှိသော ဆီလျော်သော စောင့်ရှောက်မှုစနစ်များကို သတ်မှတ်ဖော်ထုတ်ပါ။ (ဆိုလိုသည်မှာ လွတ်မြောက် လာသူများကို လွှဲပြောင်းမှုလမ်းကြောင်းများ ဖန်တီးပေးခြင်းနှင့် ပညာရေးဝန်ထမ်းများအနေဖြင့်လည်း သွေးအန္တရာယ်မှ လွတ်မမြောက်လာသူအား အကူအညီအထောက်အပံ့ ရနိုင်မည့်နေရာများ နှင့်ဆိုင်သည့် သတင်းအချက်အလက်များ ပေးနိုင်သည့် အခြေခံစွမ်းရည်များ ရှိအောင် သေချာ လုပ်ဆောင်ပါ။ | ✓ | ✓ | ✓ | ✓ |
| အရေးပေါ် ကာလပြီးနောက် အမျိုးသမီးများမိန်းကလေးငယ်များနှင့် အခြားသောအန္တရာယ်ရှိအုပ်စုများ အတွက် ကျားမရေးရာ မညီမျှသောစံသတ်မှတ်ချက်များမှ အကြမ်းဖက်မှုကင်းသည့် ဓလေ့များသို့ ပြောင်းလဲခြင်း၊ လေးစားမှုများ စသည့်အချက်များပါဝင်သည့် ကျောင်းသင်ရိုးညွှန်တမ်းများကို ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနနှင့် အတူတကွပူးပေါင်း ဆောင်ရွက်ပါ (ဥပမာ- အမျိုးသမီးများနှင့် မိန်းကလေးငယ်များ စွမ်းဆောင်ရည်မြင့်တင်သည့် စီမံကိန်းများကို ဦးတည်ရေးဆွဲခြင်း၊ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး၊ ကျားမရေးရာ စံသတ်မှတ် ချက်များ၊ HIV ၊ ရင်းနှီးတည်ဆောက်မှုစွမ်းရည်၊ GBV နှင့် ပဋိပက္ခ အသွင်ပြောင်းခြင်း ဆိုင်ရာ သင်ရိုးညွှန်းတမ်းများ စသည်အားဖြင့်) | ✓ | ✓ | ✓ | ✓ |
| ▶ **ပေါ်လစီများ** | | | | |
| ဆီလျော်သော GBV တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်မှုနည်းဗျူဟာများကို ပညာရေးစီမံချက်များ၏ မူဝါဒများ၊ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်များတွင် ထည့်သွင်းပါ(ဥပမာ- အမျိုးသမီးဝန်ထမ်းများ အနေဖြင့် တန်းတူအလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ/မများအတွက် လိင်ပိုင်ဆိုင်ရာခေါင်းပုံဖြတ် မှုနှင့် အလွဲသုံးစားမှုနှင့် ဆက်စပ်သည့် လိုက်နာရမည့် စံသတ်မှတ် စည်းမျဉ်းများ၊ GBV ဖြစ်ရပ်များအကြောင်းကို အကာအကွယ်ပြုပေးပြီး လျှို့ဝှက် ထိန်းသိမ်းမှုရှိသည့် သတင်း အချက်အလက်များ ဝေမျှမည့် လုပ်ထုံးလုပ်နည်းများနှင့် ကျင့်ဝတ်များ စသည်အားဖြင့်) | ✓ | ✓ | ✓ | ✓ |

| စီမံကိန်းတစ်လျှောက် ဘေးအန္တရာယ်လျော့ချရေး၊ ဘေးဒဏ်ခုခံနိုင်မှု မြင့်တင်ခြင်းနှင့် ပြန်လည် ထူထောင်မှုကို ထောက်ပံ့ပေးရန်အတွက် အဓိကလိုအပ်သော လုပ်ငန်းစဉ်များ | လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်နိုင်သော အရေးပေါ် အနေခြေ အဆင့်များ | | | |
|---|---|---|---|---|
| လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | အရေးပေါ် အခြေအနေ ကြိုတင် ကာကွယ် | အရေးပေါ် အခြေ အနေ | တည်ငြိမ် သော အဆင့် | ပြည်လည် ထူထောင် ခြင်း |
| ပညာရေးနှင့်စပ်လျဉ်းသည့် နိုင်ငံအဆင့်နှင့် ဒေသအဆင့်ဥပဒေနှင့်မူဝါဒများတွင် GBV ဘေးအန္တရာယ် လျော့ချရေး နည်းဗျူဟာ ထည့်သွင်း နိုင်ရန်နှင့် ရေရှည်တည်တံ့သောရန်ပုံငွေခွဲဝေသတ်မှတ်ပေးနိုင်ရန် ညှိနှိုင်းတင်ပြ ဆွေးနွေးပါ။ (ဥပမာ- မိန်းကလေးငယ်များနှင့် အခြားသော အန္တရာယ်ရှိ အုပ်စုများ အနေဖြင့် ဘေးကင်းလုံခြုံစွာ ပညာသင်ကြားမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် ခွဲခြားဆက်ဆံသည့် အမှုအကျင့်ဆိုးများကို သတ်မှတ် ဖော်ထုတ်ရန် စသည်အားဖြင့်) | ✓ | ✓ | ✓ | ✓ |
| ▶ **ပြန်ကြားဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ပြန်လည်ဝေမျှခြင်း** | | | | |
| GBV ဖြစ်စဉ်သတင်းပို့တိုင်တန်ခြင်း/ အစီရင်ခံစာများနှင့်ဆိုင်သော သတင်းအချက်အလက်များကို ပညာရေးကဏ္ဍနှင့် လူသားချင်းစာနာ ထောက်ထားသည့် လူ့အသိုက်အဝန်းတွင် လုပ်ဆောင်နေသော မိတ်ဖက်များအား ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်စံသတ်မှတ်ချက်နှင့်အညီ ပြန်လည်ဝေမျှသည့် ပညာရေးလုပ်ငန်း စီစဉ်များကို သေချာလုပ်ဆောင်ပါ။ (ဥပမာ- သတင်းအချက်အလက်များ ဝေမျှရာတွင် ဘေးအန္တရာယ်မှ လွတ်မြောက်လာသူနှင့် ၎င်း၏မိသားစုဝင်များနှင့် ရပ်ရွာလူထုအပေါ် အန္တရာယ်ကျရောက်စေသောအခြေအနေ သို့မဟုတ် ၎င်း၏ ဂုဏ်သိက္ခာကို ထိခိုက်စေမှုမရှိစေသော သတင်းအချက်အလက်များဝေမျှခြင်း။ | ✓ | ✓ | ✓ | ✓ |
| ကျေးရွာအဆင့် ပညာရေးဆိုင်ရာ အမြင်ဖွင့်ခြင်းလုပ်ငန်းစဉ်များတွင် GBV နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များ (ဘေးအန္တရာယ်ကို တိုင်တန်းသည့်နေရာနှင့် ကာကွယ်စောင့်ရှောက်မှု ခံယူရမည့်နေရာများပါဝင်သည့် တားဆီးကာကွယ်ခြင်းများ )ထည့်သွင်းပါ။ | ✓ | ✓ | ✓ | ✓ |

| စီမံကိန်းတစ်လျှောက် ဘေးအန္တရာယ်လျှော့ချရေး၊ ဘေးဒဏ်ခံနိုင်မှု မြင့်တင်ခြင်းနှင့် ပြန်လည် ထူထောင်မှုကို ထောက်ပံ့ပေးရန်အတွက် အဓိကလိုအပ်သော လုပ်ငန်းစဉ်များ | လုပ်ငန်းတစ်ခုချင်းစီအလိုက် ဆောင်ရွက်နိုင်သော အရေးပေါ်အနေအခြေ အဆင့်များ | | | |
|---|---|---|---|---|
| ညှိနှိုင်းဆောင်ရွက်ခြင်း | အရေးပေါ် အခြေအနေ ကြိုတင် ကာကွယ် | အရေးပေါ် အခြေ အနေ | တည်ငြိမ် သော အဆင့် | ပြန်လည် ထူထောင် ခြင်း |
| အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အခြားအန္တရာယ်ရှိအုပ်စုများအပေါ် ကျရောက်နိုင်သည့် GBV ဘေးအန္တရာယ်များ သတ်မှတ်ဖော်ထုတ်ရန်နှင့် ကာကွယ်မှုပြုလုပ်ရန် အခြားကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ပါ။ | ✓ | ✓ | ✓ | ✓ |
| GBV အတွက် အထောက်အပံ့နှင့် လမ်းညွှန်ပေးရန်အတွက် GBV ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများ ရှာဖွေရန်နှင့် လိုအပ်ပါက ပညာရေးဝန်ထမ်းများကို တာဝန်ခံအနေဖြင့် တာဝန်ပေးအပ်ပြီး GBV ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးတွင် ပုံမှန်တက်ရောက်စေခြင်းဖြင့် ပူးပေါင်းပါဝင်စေပါ။ | ✓ | ✓ | ✓ | ✓ |
| စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်သတ်မှတ်ခြင်း | | | | |
| စီမံကိန်းတစ်လျှောက် GBV ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များကို စောင့်ကြပ် ကြည့်ရှုနိုင်ရန် အသက်အရွယ် ၊ ကျား‌မ၊ မသန်စွမ်းနှင့် အခြားသော ထိခိုက်လွယ်မှုကို ဖြစ်သောအချက်များကို ခွဲခြားပြီး အဓိကကျသော ညွှန်းကိန်းများကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စုဆောင်းခြင်းနှင့် သုံးသပ်ခြင်းများပြုလုပ်ပါ။ | ✓ | ✓ | ✓ | ✓ |
| စီမံကိန်းရလဒ်များကို တိုင်းတာခြင်းအားဖြင့် GBV ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ် များကိုအကဲဖြတ်ပါ။ (ဖြစ်နိုင်ချေရှိသော ဆန့်ကျင်ဘက် အကျိုးဆက်များအပါအဝင်) သတင်းအချက်အလက်များကို ဆုံးဖြတ်ချက်ချမည့်သူများထံ ဆုံးဖြတ်ချက်ချရာတွင် အထောက်အကူ ဖြစ်စေရန်နှင့် တာဝန်ယူ တာဝန်ခံမှုကို သေချာစေရန် အသုံးပြုပါ။ | ✓ | ✓ | ✓ | ✓ |

**မှတ်ချက်။** ။အထက်တွင်ဖော်ပြထားသောအဓိကလုပ်ငန်းများသည်စီမံချက်ရေးဆွဲရာတွင်အကောင်းဆုံးစံပြပုံတစ်ခုအရနှစ်ကာလသတ်မှတ်ချက်အလိုက်ပြုစုထားပါသည်။အနက်ရောင်ဖြင့်ဖော်ပြထားသော လုပ်ငန်းစဉ်များသည် အရေးပေါ်အခြေအနေ အစောဆုံးအဆင့်မှာ ပညာရေးလုပ်ငန်း ဆောင်ရွက် နေသူများအတွက် အကြံပြုထားသည့် အခြေခံကတိကဝတ်များဖြစ်ပေးသည်။ ထိုအကြံပြုထားသည့် အခြေခံကတိကဝတ်များကိုစီမံချက်ရေးဆွဲရာတွင် အကောင်းဆုံးစံပြပုံအဖြစ်ဆောင်ရွက်ရန်မလိုအပ်ပါ။အကျဉ်းချုပ်ဇယားကွက်တွင်ထိုကတိကဝတ်များသည်ခေါင်းစဉ်တစ်ခုချင်းစီတွင်အမြဲတန်းပထမ ဦးစားပေးမှု ဖြစ်စရာမလိုပါ။ လုပ်ငန်းအားလုံးကို အကောင်အထည်မဖော်နိုင်ပါက အထူးသဖြင့် အရေးပေါ်အခြေအနေ၏ အစောပိုင်းကာလများတွင် ထိုအကြံပြုထားသည့် အခြေခံကတိကဝတ်များကို ဦးစားပေးဆောင်ရွက်ပြီးအခြားလုပ်ငန်းစဉ်များကိုနောက်ပိုင်းမှအကောင်အထည်ဖော်ဆောင်နိုင်သည်။အခြေခံကတိအဝတ်များနှင့်ဆိုင်သည့်သတင်းအချက်အလက်များကိုအပိုင်း၂ခေါင်းစဉ်အလိုက် လမ်းညွှန်၏ နောက်ခံသမိုင်းတွင် လေ့လာပါ။

မပြေလည်သောမိသားစုများသည် သားယောကျ်ားလေးများ၏ ပညာရေးကိုဦးစားပြီး သမီးမိန်းကလေးအတွက် ကျောင်းလခ၊ ကျောင်းဝတ်စုံနှင့် အခြားသော ပံ့ပိုးပစ္စည်းများအတွက် ငွေကုန်ကြေးကျခံခြင်းမရှိပါ။ ထိုအချက်တို့သည် အမျိုးသမီးများအတွက် ကျောင်းပညာရေးနှင့်ဆိုင်သော စရိတ်များအတွက် စီးပွားရေးဆိုးကျိုးနှင့် လိင်ပိုင်ဆိုင်ရာ ခေါင်းပုံဖြတ်မှုအန္တရာယ်ကို မြင့်မားစွာကြုံတွေ့ရသည်။ ယောကျ်ားလေးများ ကျောင်းတက်ခွင့် ရရှိနေသော အချိန်တွင် မိန်းကလေးငယ်များက ကျောင်းတက်ခွင့်မရရှိခြင်းသည်လည်း GBV ၏အသွင်သဏ္ဍာန်တစ်ခုဖြစ်သည်။

ထို့အပြင် တစ်ကိုယ်ရေသန့်ရှင်းဆိုင်ရာ အသုံးအဆောင်နှင့် အထောက်အပံ့မရှိခြင်း၊ ရာသီလာခြင်းနှင့်ပတ်သက်သော ဓလေ့အရ မကြားဝံ့ မနာသာဖြစ်နေသည့် ရိုးရာအစွဲအလမ်းများနှင့် ကဲ့ရဲ့ရှုတ်ချခြင်းတို့သည် ရာသီလာသော ဆယ်ကျော်သက် မိန်းကလေးငယ်များအတွက် ကျောင်းမှန်မှန် မတက်တော့ဘဲ ကျောင်းထွက်နှုန်း မြင့်မားလာစေသည်။ မိသားစုစောင့်ရှောက်ရန် တာဝန်များ၊ သက်ငယ်လက်ထပ်ခြင်းနှင့် ကိုယ်ဝန်ဆောင်ခြင်း တို့သည်လည်း မိန်းကလေးငယ်များအတွက် ကျောင်းဆက်တက်ရန်အတွက် အဟန့်အတားတစ်ခု ဖြစ်နေသည်။ မိန်းကလေးများအနေဖြင့် ကျောင်းတက်ရန် စာရင်းသွင်းထားသည့် အရေအတွက် များသော်လည်း မူလတန်းပြီး ကျောင်းထွက်နှုန်းက တစ်ခါတစ်ရံ လူမှုဝန်းကျင်တွင် များနေသည်။

ကျောင်းသင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးပစ္စည်းများကလည်း GBV ကိုကျောထောက်နောက်ခံပြု ထားသည့် ကျားမရေးရာကဏ္ဍနှင့် လိင်မှုရေးရာတို့နှင့် ဆက်စပ်နေသည့် ရိုးရာအယူအဆများကို အားပေးထောက်ခံနေသည်။ ထိုပြဿနာများသည် ဆရာမအရေအတွက်နည်းသောကျောင်းတွင် (အထူးသဖြင့် ဆုံးဖြတ်ချက် ချနိုင်သည့် တာဝန်ခံရာထူး) ပိုမိုးဆိုးဝါး လာစေသည်။လိင်ကွဲ၊လိင်ပြောင်းထားသူများ၊ မိန်းမလျာများ၊ယောကျ်ားလျာနှင့် လိင်တူ လိင်ကွဲ နှစ်မျိုးလုံးကို စိတ်ဝင်စားသောကလေးများနှင့် လူငယ်များသည် (နှစ်ဖက်ချွန်) အထူးသဖြင့် ကျောင်းတွင် အနိုင်ကျင့် ခံရနိုင်ခြေ ပိုများသည်။ ကျောင်းတာဝန်ခံများတွင် လိင်ပိုင်းဆိုင်ရာ အသုံးအနှုန်း၊ ကျားမရေးရာ စံသတ်မှတ်ချက်များအပေါ် နားလည်မှုအားနည်းနေခြင်းက ကွဲပြားမှု ရှိသော ကျောင်းသူ/သားများအပေါ် ဘေးဖယ်ထားခြင်းရှိနိုင်သည်။ ယုံကြည်ရသော လူကြီးများ၊ ဆရာ/မများအနေဖြင့် GBV နှင့် အခြား GBV ပုံစံများ ကြုံတွေ့ရသောကလေးငယ်များနှင့် လူငယ်များအား ပထမဦးစွာတုံ့ပြန်ပေးနိုင်မည့်သူများ ဖြစ်ရန်လိုအပ်သည်။ ဖွင့်ဟပြောဆိုမှုအပေါ် ၎င်းတို့၏ တုံ့ပြန်မှုသည် ကလေးများအတွက် ပဓာနကျသော ရလဒ်ဖြစ်နေသည်။

## INEE အခြေခံကျသောစံသတ်မှတ်ချက်က ဘာတွေပြောထားလဲ

**လက်လမ်းမှီမှုနှင့် ပညာသင်ကြားသည့် ကျောင်းဝန်းကျင်နှင့် ဆိုင်သည့် စံသတ်မှတ်ချက် ၂ ။ ။ အကာအကွယ်ပေးခြင်းနှင့် ကျန်းမာပျော်ရွှင် သုခရရှိမှု**

ပညာသင်ကြားရေး စီမံချက်များသည် ကာယိန္ဒြေနှောင့်ယှက်မှုနှင့် လိင်ခေါင်းပုံဖြတ်မှုပြဿနာများကို စောင့်ကြပ်လေ့လာခြင်းနှင့် တုံ့ပြန်အရေးယူ ဆောင်ရွက်သင့်သည်။ မိဘများ ပညာရေး ဝန်ထမ်းများနှင့် ဆရာ/မများအနေဖြင့် ကျောင်းအသွား/ပြန် သင်ကြားရေး ပတ်ဝန်း ကျင်တွင် အန္တရာယ်လျှော့ချရေး နည်းလမ်းများကို သဘောတူ ဆောင်ရွက်သင့်ပါသည်။ အောက်ဖော်ပြပါ အချက်များ ပါဝင်နိုင်ပါသည်။

- လိင်မှုဆိုင်ရာ ကာယိန္ဒြေနှောင့်ယှက်မှု၊ ခေါင်းပုံဖြတ်ခြင်း၊ စော်ကားခြင်းနှင့် အခြားပုံစံ GBV အန္တရာယ်များအတွက် စည်းမျဉ်းရေးဆွဲ ပြီး ကြေငြာကပ်ထားသင့်သည်။
- မည်သည့်အပြုအမူက လက်ခံနိုင်ခြင်းမရှိသော အပြုအမူဟု သိရှိနားလည်ရန် လိုအပ်နေသော ဆရာများနှင့် အခြားပညာရေး ဝန်ထမ်းများအတွက် ၎င်းတို့လိုက်နာရမည့် စံသတ်ချက်စည်းမျဉ်းထဲတွင် ထိုစည်းမျဉ်းကို ထည့်သွင်းပါ။
- အရွယ်ရောက်ပြီးသူ အမျိုးသမီးများအရေအတွက်ကို သင်ကြားရေးတွင် ပိုပြီးပါဝင်စေခြင်းဖြင့် ပညာသင်ကြားနေသော အမျိုးသမီးများအတွက် ကာကွယ်မှုကို အသေအချာပေးနိုင်မည်။

ကျားမရေးရာအခြေပြု အကြမ်းဖက်မှု ဖြစ်ပွားပါက လျှို့ဝှက်ထိန်းသိမ်းမှုရှိပြီး ဘေးကင်းလုံခြုံသော သတင်းပို့ တိုင်တန်း တုံ့ပြန်ဆောင်ရွက်သည့် စနစ်များက အလွန်ပင်အရေးကြီးပါသည်။

ဆီလျော်သော ကျန်းမာရေး၊ စိတ်လူမှုနှစ်သိမ့်ဆွေးနွေးမှု၊ ကာကွယ်မှုနှင့် တရားဥပဒေအထောက်အပံ့များကို အန္တရာယ်မှ လွတ်မမြောက်လာသူ အနေဖြင့် ရရှိနိုင်ရမည်ဖြစ်ပြီး ၎င်းအပြင် ကောင်းမွန်စွာ ညှိနှိုင်းထား ဆောင်ရွက်ထားသည့် လမ်းပြောင်းစနစ်ကို ရရှိသင့်ပါသည်။

**ဆရာများနှင့် အခြားပညာရေးဝန်ထမ်းများ စံသတ်မှတ်ချက် ၂- လုပ်ငန်းအခြေအနေ**

လိုက်နာရမည့် စံသတ်မှတ်ချက်စည်းမျဉ်းက ဆရာ/မများနှင့် ပညာရေးဝန်ထမ်းများအတွက် အမူအကျင့် ဆိုင်ရာ စံသတ်မှတ်ချက်အတွက် အပြုအမူနှင့်ဆိုင်သော စံသတ်မှတ်ချက်များကို ရှင်းလင်းစွာ သတ်မှတ် ထားပြီး လိုက်နာကျင့်သုံးမှုမရှိသော သူများအတွက် နောက်ဆက်တွဲပြဌာန်းချက်များပါရှိသည်။  ပညာရေးပုဂ္ဂိုလ်များ အနေဖြင့် အကာအကွယ်ပေးသော၊ လုံခြုံမှုရှိသော ပညာရေးဝန်းကျင်ထိန်းသိမ်းထားရှိရန် လိင်မှုဆိုင်ရာနှင့် လိင်မှု ဆိုင်ရာခေါင်းပုံဖြတ်မှုကင်းဝေးခြင်း သို့မဟုတ် ပညာရေး သင်ကြားနေသူများ၏ လိင်မှုဆိုင်ရာအကြမ်းဖက် ခံရမှုနှင့် ဘေးဖယ်ထားခံရမှု စသည်တို့ ပါဝင်ပါသည်။

(Excerpted from Inter-Agency Network for Education in Emergencies. 2010. Minimum Standards for Education: Preparedness, response, recovery, <http://toolkit.ineesite.org/inee_minimum_standards>)

**ပညာရေးစီမံကိန်း အားနည်းချက်ရှိခြင်းသည် GBV ပြဿနာကို ကြီးထွားနိုင်စေပြီ ပညာရေးစီမံကိန်း ကောင်းမွန်ခြင်းသည် GBV လျော့ကျမှု အတွက် အဓိက ကျသည်။**

အကယ်၍ ပညာရေးစီမံချက်များကို ကောင်းမွန်စွာ ဒီဇိုင်းရေးဆွဲပါက ပညာရေးဆိုင်ရာ သင်ထောက်ကူများသည် ကလေးများနှင့် လူငယ်များအတွက် GBV အန္တရာယ်ကို ကာကွယ်မှုပေးနိုင်သော ပတ်ဝန်းကျင်တစ်ခုဖြစ်နိုင်သည်။ အတွေးခေါ် ကောင်းကောင်းဖြင့် စီမံချက်ရေးဆွဲသည့် ပညာရေးမဟာဗျူဟာများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ၊ မြို့ပြနှင့် စခန်းတွင်းရှိ အန္တရာယ်ရှိသောဖုံမှ ဝေးသောနေရာများသို့ သင်ကြားရေးဌာနများ ပြောင်းရွှေ့ထားရှိခြင်း၊ ကျောင်းဆရာ/မများနှင့် ပညာရေးဝန်ထမ်းများအား သေချာစွာအလုပ်ခန့်အပ်ခြင်းနှင့် သင်တန်းပို့ချပေးခြင်း၊ ကျောင်းသူ/သားများနှင့် ရပ်ရွာလူထုအား အသိအမြင်ဖွင့်ပေးခြင်းက ကျောင်းသူ/သားများ ကြုံတွေ့နိုင်ဖွယ်ရှိသော အသွင်သဏ္ဍာန် အမျိုးမျိုးသော GBV အန္တရာယ်ကို လျော့ချနိုင်သည်။ ထပ်လောင်း၍ အလယ်တန်းဆက်လက်တက်ခိုင်းထားသူများတွင် စောစီးစွာ လက်ထပ်ခြင်း (သို့) လိင်မှုလုပ်ငန်းဖြင့် ဝင်ငွေရှာမှုမျိုးဖြစ်ရန် အလားအလာနည်းသည်။

ကျောင်းဆိုသည်မှာ ရိုးရာဓလေ့များနှင့် စံသတ်မှတ်ချက်များကို ရင်ဆိုင်တွန်းလှန်နိုင်ပြီး ကျားမရေးရာတန်းတူညီမျှမှုကို ပြန်လည်းပုံဖေါ်စေနိုင်ကာ GBV အန္တရာယ်ကိုလည်း တားဆီးကာကွယ်နိုင်သည့် နေရာတစ်ခုဖြစ်သည်။ ထို့အပြင် ရိုးရာဓလေ့နှင့်စပ်လျဉ်းသောဘာသာရပ်များကို မူလတန်းနှင့် အလယ်တန်း ၂ ခုလုံးတွင် သင်ကြားပေးခြင်းသည်လည်း အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အခြားအန္တရာယ်ရှိသော အုပ်စုများအတွက် အကြမ်းဖက်မှုကင်းသောဓလေ့၊ တန်းတူညီမျှမှုနှင့် လေးစားမှုကိုမြင့်တင်ပေးမည့် အခွင့်အလမ်းကို ဖန်တီးပေးနိုင်သည်။ ကျောင်းများသည် မိန်းကလေးငယ်များနှင့် ယောက်ျားလေးများနစ်ဦးစလုံးအတွက် ကျားမရေးရာ စံသတ်မှတ်ချက်များ၊ လူ့အခွင့်အရေးများ၊ စော်ကားခံရမှု ကာကွယ်ရေး၊ ပဋိပက္ခညှိနှိုင်းရေးနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှုအတွက် ထိရောက်သောနေရာများလည်း ဖြစ်သည်။ လူထုထံကွင်းဆင်းသည့် နည်းများက ကျောင်းများနှင့်မိဘများအကြား ယုံကြည်မှုကိုရရှိစေပြီး ကျောင်း၌ ကျောင်းသူ/သားသင်ယူနေသော အပြုသဘောဆောင်သည့် စံသတ်မှတ်ချက်များ၊ အလေ့အထများကို အားပေးသည့် ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်သည်။

- ► အသက်မွေးဝမ်းကျောင်း စွမ်းရည်မြင့်တင်ခြင်း အစီအစဉ်မှတစ်ဆင့် GBV အန္တရာယ်ရှိသူများအား ချဉ်းကပ်ခြင်း- မိန်းကလေးများနှင့် လူငယ်အမျိုးသမီးများကို အပြုသဘောဆောင်သော ခေါင်းဆောင်မှု စွမ်းရည်များတည်ဆောက်ပေးပြီး ၎င်းတို့၏ စွမ်းရည်မြှင့်ပေးခြင်း အားဖြင့်ကျောင်းတွင်းနှင့် ကျောင်းပြင်ပ နှစ်နေရာစလုံးတွင် GBV တားဆီးကာကွယ်မှုကို ကူညီပေးနိုင်သည်။ ထို့အပြင် ကျောင်းများသည် လူငယ်များ၊ ဆယ်ကျော်သက်များ၊ ယောက်ျားလေးများအတူလက်တွဲပြီး ရေရှည်က ယုံကြည်လက်ခံထားသော ယောက်ျားဖိုသဘာဝနှင့် ယောက်ျားတစ်ဦးဖြစ်ခြင်း၏အဓိပ္ပါယ်စသည့် ယုံကြည်ချက်များကိုလည်း ရင်ဆိုင်တွန်းလှန်နိုင်သော အခွင့်အလမ်းများ ဖန်တီးပေးပါသည်။

- ► **ပညာရေးသည် အမျိုးသမီးများ၊ မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိအုပ်စုများအတွက် အနာဂတ် စီးပွားရေးနှင့် လူမှုရေးအခွင့်အလမ်းများအတွက်  အဖိုးတန်အရည်အချင်းများဖြစ်သည်။ ပညာရေးသည်** ကျားမ ရေးရာဖိနှိပ်မှုများကို ကျော်လွှားနိုင်သော စွမ်းရည်ရရှိစေပြီး ဗဟုသုတနှင့် ကျွမ်းကျင်မှုလည်း ရနိုင်သည်။ ပဋိပက္ခကြောင့် ထိခိုက်မှုရှိသော နေရာများတွင် အရည်အသွေးရှိသော အလယ်တန်းပညာသင်ကြားခြင်း အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ခြင်းသည်  လူထုတွင်း ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုတွင် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နိုင်၍ ရေရှည်ငြိမ်းချမ်းရေး အတွက်လည်း အထောက်အကူဖြစ်စေသည်။

- ပညာရေးကဏ္ဍမှ GBV ကာကွယ်မှုနှင့် တုံ့ပြန်မှုလုပ်ငန်းကို ဆောင်ရွက်ရာတွင်  GBV အထူးပြုများ၊ GBV လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများနှင့် ညှိနှိုင်းဆောင်ရွက် သင့်သည်။ ပညာရေး ကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နေသူများသည် ကျားမရေးရာ၊ စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု (MHPSS)၊ HIV၊ အသက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သင့်သည်။ (ညှိနှိုင်းဆောင်ရွက်ခြင်းတွင် ကြည့်ပါ)

# စီမံကိန်းတစ်လျှောက် ကျားမ ရေးရာအခြေပြု အကြမ်းဖက်မှုများ GBV ကိုသတ်မှတ်ထုတ်ဖော်ခြင်း

## အကဲဖြတ်ဆန်းစစ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် စီမံကိန်းရေးဆွဲရာတွင် GBV အတွက် ထည့်သွင်း စဉ်းစားရမည့် အဓိက အချက်များ

အောက်တွင်ဖော်ပြထားသော မေးခွန်းများသည် ပညာရေးကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် လုပ်ဆောင်ရမည့် ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် များပြားသောအကဲဖြတ်မှုတွင် ပေါင်းစပ်နိုင်မည့် ဖြစ်နိုင်ချေရှိသော စူးစမ်းမှုနယ်ပယ်အတွက် အကြံပြုချက်များဖြစ်သည်။ ဖြစ်နိုင်ပါကစူးစမ်းမှုများက ဌာနတွင်းနှင့် ဌာနတွင်းစည်းကမ်း၊ ဘောင်အတွင်း ပညာရေးကဏ္ဍအတွက် လုပ်ကိုင်ဆောင်ရွက်သူများနှင့် အခြားကဏ္ဍများ၊ GBV အထူးပြုများနှင့် အတူတကွ လုပ်ဆောင်သင့်သည်။

ဤစူးစမ်းလေ့လာမှုနယ်ပယ်သည် " အကောင်အထည်ဖော်ခြင်း" အောက်တွင်ရှိသော အဓိကတာဝန်ဝတ္တရား ၃ ခုဖြစ်သည့် လုပ်ငန်းစဉ်ရေးဆွဲခြင်း၊ မူဝါဒနှင့် ပြန်ကြားဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝေမျှခြင်းနှင့် ချိတ်ဆက်နေသည်။ စူးစမ်းလေ့လာမှုနယ်ပယ်မှ ထွက်ရှိလာသော အချက်အလက်များကို GBV အန္တရာယ် တားဆီးကာကွယ်ခြင်းနှင့် လျော့ပါးစေခြင်းနှင့် လွတ်မြောက်လာသူကို တုံ့ပြန်မှုပေးသည် ပညာရေးလုပ်ငန်းစဉ် ရေးဆွဲခြင်းကို အထောက်အပံ့ရစေရန် အကဲဖြတ်သုံးသပ်မှုပြုလုပ်သင့်သည်။ ဤသတင်းအချက်အလက်များသည် လက်ရှိလုပ်ငန်းစဉ်များကိုပြန်လည်ညှိနှိုင်းရေးခြင်းနှင့် လုပ်ငန်းစဉ်အသစ်ရေးဆွဲရာတွင် ဦးစားပေးမှုနှင့်လိုအပ်ချက်များကို သတ်မှတ် ဖော်ထုတ်ရန်အတွက် ကူညီပံ့ပိုးပေးသည်။ လုပ်ငန်းစဉ်ရေးဆွဲခြင်းနှင့်ဆိုင်သော အချက်အလက်များ၊ ဘေးကင်းပြီး ကျင့်ဝတ်နှင့်ညီသော အကဲဖြတ်ဆန်းစစ်မှုများ၊ အချက်အလက်စီမံမှုနှင့် ဝေမျှမှုများအတွက် အပိုင်း (၂) သတ်မှတ်ထားသော နယ်ပယ်လမ်းညွှန်၏ နောက်ခံသမိုင်းကြောင်းတွင် လေ့လာကြည့်ရှုပါ။

အောက်ပေါ်ပြပါ စူးစမ်းမှုဧရိယာများသည် လက်ရှိရှိနေသော လမ်းညွှန်သည် ပညာရေးတွင် ကျားမရေးရာနှင့် GBV ကိစ္စရပ်များကို သတ်မှတ် ဖော်ထုတ်ရန် ဖြည့်ဆည်းပေးသောကြောင်း အထူးသဖြင့်ပညာရေးအတွက် ပြင်ဆင်မှု၊ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်မှုတို့ပါရှိသည်  INEE အခြေခံစံသတ်မှတ်ချက်များအသုံးပြု သင့်ပါသည်။ (<http://toolkit.ineesite.org/inee_minimum_standards>). The JointNeeds Assessment Toolkit (<www.savethechildren.org.uk/sites/default/files/docs/Ed_NA_Toolkit_Final_1.pdf>)။ ထို့အပြင် Global Education

[1] ဤလမ်းညွှန်စာအုပ်၏ရည်ရွယ်ချက်မှာ ကျားမရေးရာအခြေပြုအကြမ်းဖက်မှုနှင့် အခြားအကြမ်းဖက်မှုပုံစံများ အတွက် အန္တရာယ်ရှိအုပ်များတွင် ဆယ်ကျော်သက်မိန်းကလေးများ၊ အသက်ကြီးအမျိုးသမီး၊ အိမ်ထောင်ဦးစီး အမျိုးသမီးများ၊ မုဒိမ်းကျင့်ခံရ၍မွေးဖွားလာသော ကလေးများ၊ ဒေသခံတိုင်းရင်းသားမျိုးနွယ်စု၊ ဘာသာရေးအုပ်စု ငယ်များ၊ ယောကျ်ားလျာ၊ လိင်တူဆက်ဆံသူ၊ နှစ်ဖက်ချွန်လိင်ပြောင်းသူနှင့် intersex (LGBTs)၊ HIV ရောဂါ ကူးစက်ခံနေရသူများ၊ မသန်စွမ်းသူများ၊ လိင်မှုလုပ်ငန်းသို့ တွန်းပို့ခံရသူများ၊ လိင်မှုလုပ်ငန်းခေါင်းပုံဖြတ် ခံရသည့် ကလေးများ၊ အကျဉ်းကျသူများ၊ အိုးအိမ်နှင့်ဝေကွာနေသူများ၊ မိဘမဲ့၊ လက်နက်ကိုင်များနှင့် ပတ်သက်သူ၊ အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများပါဝင်သည်။ ဤအုပ်စုအတွက် ကာကွယ်မှုများ အခွင့် အရေးနှင့် လိုအပ်ချက်များကို စာမျက်နှာ ၁၁ တွင်ကြည့်ပါ။

Cluster အဖွဲ့သည်လည်း အရေးပေါ် အခြေအနေတွင် ပညာရေးဆန်းစစ်လေ့လာမှု ပြုလုပ်ရန်အတွက် အခြေခံကျသော လမ်းညွှန်စာတမ်းများကို ပြုစုဆောင်ရွက်ခဲ့သည်။

### အကဲဖြတ်ဆန်းစစ်မှုအတွက် အဓိက ဦးတည်အုပ်စုများ

- ပညာရေး၊ အစိုးရဌာနများ၊အရပ်ဖက်အဖွဲ့အစည်းများ၊ ရပ်ရွာနှင့် ဘာသာရေးခေါင်းဆောင်များ၊ ကျောင်းအုပ်ချုပ်ရေး၊ ဆရာ/မများ၊ ကျောင်းသူ/သားများ၊ မိဘဆရာအသင်း၊ GBV ၊ ကျားမရေးရာနှင့် မတူကွဲပြားမှုများ (Diversity)အထူးပြုများ
- ထိခိုက်နစ်နာသူများနှင့် ရပ်ရွာလူထုများ
- ဒေသတွင်းပြောင်းရွှေ့နေထိုင်သူများ၊ ဒုက္ခသည်စခန်း၊ အိမ်ရှင်လူထုများ

### အောင်မြင်ရန် အလားလာကောင်းသော အလေ့အထများ

ညှိနှိုင်းဆောင်ရွက် အလျော့အတင်းလုပ်နိုင်သည့် စီမံချက်သည် လူထုနှင့် လူငယ်အုပ်စုမှ တိုင်ပင်ဆွေးနွေးပြီး ရေရှည်တည်တံ့မှုအတွက်နှင့် ရပ်ရွာလူထုနှင့်သက်ဆိုင်သည့်စိတ်ခံစားချက်(ownership) ကိုဖြစ်ပေါ်စေပါသည်။ (Rachim နှင့် Holland) ၂၀၀၆ UNHCR ၂၀၀၁) ။ ပြီးမြောက်ရန် ရိုးရှင်း လွယ်ကူသော်လည်း မဆီလျော်သော လူထုခေါင်းဆောင် ရွေးခြယ်မှုကြောင့် အနုတ်သဘောဆောင်သော အကျိုးတက်ရောက်မှုသာ ရရှိပြီး လက်ရှိ မညီမျှမှုကို ပိုပြီး အားကောင်းလာစေပါသည်။ သင်တန်းက စွမ်းဆောင်ရည်ကို မြင့်တင်ခြင်းပုံစံတစ်မျိုး ဖြစ်သောကြောင့်  ထိခိုက်အလွယ်ဆုံး လူငယ်အုပ်စုများကို သတ်မှတ်ဖော်ထုတ်ပြီး ချဉ်းကပ်ပူးပေါင်း လုပ်ဆောင်ရမည်ဖြစ်ပြီး  မိဘများနှင့် အုပ်ထိန်းသူများက စီမံချက်လုပ်ငန်းများတွင် အောင်မြင်မှုရရန် ပူးပေါင်းပါဝင်ရမည်။ ( Sommres, 2001) စီမံကိန်းက ထိခိုက်နစ်နာသူ လူထု၏ လိုအပ်ချက်က မြင်သာသော်လည်း တောင်းဆိုချက်ကို လုံးလုံးလျားလျား မှီခိုရန် မဖြစ်နိုင်ပါ။ သို့သော် မိန်းကလေးများထံရောက်နိုင်ရန် အားသွန်ခွန်စိုက် အထူးသဖြင့် “ ရပ်ရွာတွင် မမြင်သာသောသူများ” ထံရောက်ရမည်။ ရပ်ရွာလူထုနှင့် လူငယ်များ ပူးပေါင်းပါဝင်နိုင်ရန် ရိုးရှင်းသော စကားလုံးများကို အသုံးပြုခြင်းနှင့် အချက်အလက်များကို ဒေသဘာသာစကားဖြင့် ဘာသာပြန်ရေးသားထားပါ။  ( Sommres, 2001)။ **ပူးပေါင်း ပါဝင်ခြင်း လူထုအားလုံးပါဝင် စေခြင်းနည်းလမ်းက စီမံချက် အကောင်အထည်ဖော်ရာတွင် နှောင့်နှေးမှုရှိနိုင်သော်လည်း ရေရှည်တည်တံ့မှုအတွက် အောင်မြင်မှုရရန် အလွန်အရေးပါသည်။**

(Adapted from **Zeus, B., and Chaffin, J. 2011.** Education forCrisis-Affected Youth: A literature review. INEE Adolescentand Youth Task Team, <www.ineesite.org/uploads/files/resources/AYTT_LitReview_2012-02-14.pdf>)

| စူးစမ်းလေ့လာမှုပြုလုပ်ရန် ဖြစ်နိုင်ချေရှိသောနယ်ပယ်များ<br>(မှတ်ချက် - ဤစာရင်းများသည် ပြီးပြည့်စုံမှုမရှိပါ) |
| --- |
| ပညာရေးစီမံချက်ရေးဆွဲခြင်းနှင့်ဆိုင်သောနယ်ပယ်များ- |
| **ပူးပေါင်းပါဝင်မှုနှင့်ခေါင်းဆောင်မှု**<br><br>(က) ပညာရေးဝန်ထမ်းခေါင်းဆောင်မှုရာထူးအပါအဝင် ကျား/မ အချိုးက ဘယ်လောက်ရှိပါသလဲ။<br>▶ အမျိုးသမီးဝန်ထမ်းများအတွက် သင်တန်းနှင့် ထပ်မံသင်တန်းပေးသည့် စနစ်ရှိပါသလား။<br>▶ GBV အန္တရာယ်တိုးစေနိုင်သော ထုံးတမ်း (သို့) လုံခြုံရေးကိစ္စများက သူတို့၏ အလုပ်ခန့်ထားမှုနှင့် ပတ်သက်သော အကြောင်းအရင်းများ ရှိပါသလား။<br><br>(ခ) အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိ အုပ်စုများသည် လူထုအခြေပြုပညာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်မှုရှိပါသလား။ (ဥပမာ- မိဘဆရာအသင်း၊ ရပ်ရွာလူထုကော်မတီစသည်များ) ဖြစ်နိုင်လျှင် သူတို့တွေက ခေါင်းဆောင်မှုအခန်းကဏ္ဍတွေများ ပါဝင်ပါသလား။<br><br>(ဂ) အမျိုးသမီးအတတ်ပညာရှင် (သို့) လူထုတွင် သင်ကြားရေး၊ ညွှန်ကြားပေးသူ (ဂုရု) (သို့) အခြားနည်းဖြင့် မိန်းကလေးများကို ပံ့ပိုးပေးနိုင်သူ အထူး သဖြင့် အမျိုးသမီးလူငယ်များ ကျောင်းတွင် ရှိပါသလား။<br><br>(ဃ) ပညာရေးတွင် ဦးဆောင်လုပ်ကိုင်ဆောင်ရွက်နေသူက အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်ကို သိမြင်နားလည်ပြီး (လမ်းညွှန်အပါအဝင်) GBV ကိုစောင်ပေးသော အလေးထားမှု ကာကွယ်ရေးနှင့် လျော့ချရေး မဟာဗျူဟာကို သူတို့လုပ်ငန်းတွင် ထည့်သွင်းရန် သိမြင်သဘောပေါက်ပါသလား။ |
| **ဓလေ့ထုံးတမ်း၊လူထုစံသတ်မှတ်ချက်နှင့် အလေ့အကျင့်များ**<br><br>(င) ပညာရေးစီမံချက်အပေါ် လက်လှမ်းမီမှုနှင့်ရရှိနိုင်မှုအတွက် အထူးသဖြင့် မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိအုပ်စုများအပေါ် ပြဿနာက မည်ကဲ့သို့ အကျိုးတက်ရောက်မှုရှိနိုင်သနည်း။<br><br>(စ) မူလတန်းနှင့် အလယ်တန်းအဆင်တွင် မည်သည့် ကလေးနှင့် လူငယ်များက ကျောင်းမတက်တာလဲ (သို့) ကျောင်းတက်ရန် အခက်အခဲရှိသလဲ။ (ဥပမာ- ဆယ်ကျော်သက် မိန်းကလေးများ၊ ကလေးဦးစီးသော အိမ်ထောင်စု၊ ကလေးအမေဖြစ်သောမိန်းကလေးငယ်၊ လိင်စော်ကားမှုမှ လွတ်မြောက်လာသူ၊ စစ်တပ်နှင့် ပတ်သက်သော ကလေးများ၊ မသန်စွမ်းယောက်ျားလေး/မိန်းကလေးများ ၊( LGBT)၊ မြို့ပေါ်ဒုက္ခသည်ကလေးများ)<br>▶ ပညာသင်ကြားရေးတွင် မိန်းကလေးများအနေဖြင့် မည်သည့်ထုံးတမ်းအစဉ်အလာအတားအဆီးကို ရင်ဆိုင်ရလဲ။ (ဥပမာ- ကျားမရေးရာ စံသတ်မှတ်ချက်ကြောင့် ယောက်ျားလေးများက မိန်းကလေးနှင့် ယှဉ်လျှင် ဦးစားပေးခံရခြင်း၊ ကျားမရေးရာ အရ မိန်းကလေးအပေါ် ခွဲခြားဆက်ဆံ သော သဘောထား၊ ပညာသင်ကြားရေးစနစ်တွင် ကလေးနှင့် (သို့) အဓမ္မလက်ထပ်ခိုင်းခြင်း၊ အိမ်မှုကိစ္စတာဝန်များ...)<br>▶ အခြားအန္တရာယ်ရှိအုပ်စုမှ ကလေးများပညာသင်ကြားရန် အတားအဆီးဖြစ်သော ဓလေ့ထုံးတမ်းတွေက ဘာတွေလဲ။ (ဥပမာ- ဖယ်ကျဉ်ထားခြင်း၊ ခွဲခြားဆက်ဆံမှု၊ ဆင်းရဲခြင်းမိသားစုမှ အမွေဆက်ခံခြင်းနှင့် ဆိုင်သော လိင်မှုဆိုင်ရာစံသတ်မှတ်ချက်များ ၊ LGBT လူငယ်များအတွက် ပညာသင်ကြားရေးကို မပံ့ပိုးရသောအကြောင်းများ လူမှုဝန်းကျင်က ဖယ်ခံရခြင်း (သို့) လက်နက်ကိုင်အုပ်စုနှင့် ဆက်စပ်သောကလေးများ အချုပ်ခံရခြင်း၊ ဒုက္ခသည်ကလေးများ မြို့ပြဒေသတွင်း ကျောင်းများက လက်မခံခြင်း...)<br>▶ ဤနည်းဗျူဟာများက ကျောင်းပြင်ပရောက်နေသော ကလေးများ ကျောင်းပြန်တက်နိုင်အတွက် အကျိုးဝင်လား။ |

**စုးစမ်းလေ့လာမှုပြုလုပ်ရန် ဖြစ်နိုင်ချေရှိသောနယ်ပယ်များ**
**(မှတ်ချက် - ဤစာရင်းများသည် ပြီးပြည့်စုံမှုမရှိပါ)**

(ဆ) ပညာရေးတွင် မိဘ/ လူထုပူးပေါင်းပါဝင်မှုနှင့် ဆိုင်သည့် အခြေအနေက ဘာတွေလဲ။

- ▶ မိဘဆရာအသင်း (PTA) သို့ အခြားအလားတူအဖွဲ့ အစည်းရှိလား။
- ▶ အမျိုးသမီးများနှင့် အမျိုးသားများ ဘယ်လောက်အတိုင်းအတာအထိ ပါဝင်လဲ။
- ▶ အမျိုးသမီးများပါဝင်မှုအတွက် ဓလေ့ထုံးတမ်းအရ ချုပ်ခြယ်မှုရှိလား။

(ဇ) ပညာသင်ကြားရေးတွင် မိန်းကလေးများအပေါ် ယောကျ်ားလေးများ၏ အမြင်၊ မိန်းကလေးများက အခြားမိန်းကလေးများအပေါ် အမြင်နှင့် ယောကျ်ားလေးများနှင့် မိန်းကလေးများက ယောကျ်ားလေးများပေါ် အမြင်က ဘယ်လိုရှိလဲ။

- ▶ ကျားမရေးရာမညီမျှမှုနှင့်ဆိုင်သော စိတ်နေသဘောထားနှင့် အလေ့အကျင့်များအပေါ် အထောက်အထား ရှိသလား။
- ▶ ဤစိတ်နေသဘောထားနှင့် အလေ့အကျင့်များကို ထောက်ခံခြင်းနှင့် ရှေးရိုးစွဲအယူကို မိန်းကလေးများက စွဲမှတ်ကျင့်သုံးနေလား။ (အထူးသဖြင့် ဆယ်ကျော်သက် မိန်းကလေးများ)

(ဈ) ကျောင်းသွား/ပြန် လုံခြုံမှုအတွက် မိန်းကလေးများက ဘယ်အရာများကို သတိချပ်ရမလဲ။ ယောကျ်ားလေးများ အတွင်း၌ အကြမ်းဖက်မှုနှင့် ဆိုင်သော အန္တရာယ်များ ကျောင်းတက်ရာတွင် ရင်ဆိုင်ရတာမျိုးရှိလား။ (ကျားမ အခြေပြုခြင်း ဖြစ်သည်/ မဖြစ်သည်)

GBV အန္တရာယ်လွတ်မြောက်လာသော ကလေးများ၏ ပုံမှန်အကူအညီတောင်းသည့် အလေ့အကျင့်များက ဘာတွေလဲ။ အခြားပုံစံ အကြမ်းဖက်မှု အတွက်ကော ဘာတွေရှိလဲ။ ဖြစ်စဉ်ကို သတင်းပို့ခြင်းနှင့် ပတ်သက်၍ အန္တရာယ်တွေက ဘာတွေလဲ။ (လုံခြုံမှု၊ ဝိုင်းပယ်ခံရမှု)

**အခြေခံအဆောက်အဦးနှင့် လုံခြုံမှု**

(ည) ကျောင်းများနှင့် အခြားသင်ကြားရေးနေရာများက အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အခြားအန္တရာယ်ရှိ အုပ်စုများအတွက် လုံခြုံပြီး တန်းတူညီမျှစွာ ကျောင်းတက်နိုင်မည့် နေရာတွင်ရှိသလား။

- ▶ အမျိုးသမီးများ၊ မိန်းကလေးများက လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရှိသည့်နေရာအတွက် ဆုံးဖြတ်ချက် ပေးရာတွင် ပါဝင်မှုရှိသလား။
- ▶ ပညာသင်ကြားရေးအဆင့်အားလုံး (မူလတန်းသာမဟုတ်) ကို သင်ကြားနိုင်ခွင့်ကို ညီတူစွာရရဲ့လား။
- ▶ ကျောင်းများသည် မသန်စွမ်းသူများအပါအဝင် အားလုံးတက်ရောက် သင်ကြားနိုင်ရန် အပြည့်ပြည့်ဆိုင်ရာ စံညွှန်းကို အခြေခံထားပါသလား။ သို့မဟုတ် ဆီလျော်သောနေရာ ဖြစ်ပါသလား။ ( ဥပမာ- ကိုယ်ကာယ မသန်စွမ်းသူ၊ ဒဏ်ရာရှိနေသူများ ၊ အမြင် (သို့) အခြားအာရုံခံစားခွင့် ချို့တဲ့နေသူများ)

(ဋ) ကျောင်းတက်ရသည့် အကွာအဝေး လမ်းကြောင်းသွားလာမှုတွင် ကျောင်းသားအားလုံး (အထူးသဖြင့် မိန်းကလေးများအတွက် ) လုံခြုံမှု ရှိသလား။ မိဘများ လက်ခံနိုင်ကြသလား။

- ▶ လိုအပ်လျှင် ကျောင်းသူ/သားများ ကျောင်းသွား/ပြန် လုံခြုံမှုအတွက် အဖော်လိုက်ပေးရန် အစီအစဉ်ရှိသလား။
- ▶ ကျောင်းသူ/သားများနှင့် ဆရာ/မ များက လုံခြုံမှုအတွက် ကျောင်းပတ်ဝန်းကျင် အန္တရာယ်ရှိသော နေရာများ အတူတကွ ဖော်ထုတ် ပုံဖော်ကြည့် တာမျိုးရှိလား။
- ▶ မလုံခြုံမှုအလားအလာအတွက်ကော အစောင့်တွေထားရှိရန် အစီအစဉ်ရှိလား။

**စူးစမ်းလေ့လာမှုပြုလုပ်ရန် ဖြစ်နိုင်ချေရှိသောနယ်ပယ်များ**
**(မှတ်ချက် - ဤစာရင်းများသည် ပြီးပြည့်စုံမှုမရှိပါ)**

စာသင်ကျောင်းပတ်ဝန်းကျင်က အမြင်အားဖြင့် လုံခြုံမှုရှိလား။

- ▶ လုံလောက်သော အလင်းရောင်းရှိရဲ့လား။
- ▶ အိမ်သာများ သုံးလို့ရရဲ့လား။သီးသီးသန့်သန့်ဖြစ်ရဲ့လား။ လုံခြုံသောနေရာမှာကော ရှိရဲ့လား။ အရေအတွက်အားဖြင့် လုံလောက်ရဲ့လား။ ကျား မ သုံးရန် ခွဲခြားထားလား။
- ▶ တစ်ကိုယ်ရေးသန့်ရှင်းမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများကို မျိုးဆက်ပွားအရွယ်ရှိ ကျောင်းသူများနှင့် ဆရာမများအတွက် ထားရှိပါသလား။
- ▶ ပညာသင်ကြားနေစဉ် ကျောင်းသူ/ကျောင်းသားများနှင့် ပညာရေးဝန်ထမ်းများ အထူးသဖြင့် အမျိုးသမီးများ၊ မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိ အုပ်စုများအတွက် GBV နှင့်ဆက်စပ်သည့် တွေ့ကြုံလေ့ရှိသော အန္တရာယ်က ဘာတွေလဲ။ (ဆရာများ ဝန်ထမ်းများမှ လိင်ခေါင်းပုံဖြတ်ခြင်း၊ အနှောင့်အယှက်ပေးခြင်း (သို့) ကျောင်းတွင်း အနိုင်ကျင့်ခြင်းကို ကျောင်းသားများ အထူးသဖြင့် လိင်ပြောင်းထားသူများ၊ ကျောင်းစရိတ်ပေးရန်အတွက် လိင်နှင့်ဆိုင်သော ဆက်စပ်မှု၊ ခေါင်းပုံဖြတ်မှုမျိုး ရှိပါသလား။

**သတင်းပို့တိုင်တန်းသည့် နည်းလမ်းများနှင့် စောင့်ရှောက်မှုစနစ် (လွှဲပြောင်းပေးသည့် လမ်းကြောင်းများ)**

(၃) GBV အန္တရာယ်မှ လွတ်မြောက်လာသူများကို ဆီလျော်သည့် စောင့်ရှောက်မှု အထောက်အကူရနိုင်မည့် လွှဲပြောင်းပေးထားသော လမ်းကြောင်းရှိသလား။ ဤနည်းလမ်းများက ပညာရေးနှင့်ရော ချိတ်ဆက်မှုရှိသလား။

- ▶ ကျောင်းသူ/သားများ နှင့် ပညာရေးဝန်ထမ်းများအား လိင်မှုဆိုင်ရာခေါင်းပုံဖြတ်မှုနှင့် စော်ကားမှု အပါအဝင် GBV အန္တရာယ် ကြုံတွေ့ပြီး သတင်းပို့တိုင်ကြားရန်နှင့် နောက်ဆက်တွဲ လုပ်ဆောင်ရန် နည်းစနစ်များကို သတင်းပေးခြင်း ရှိသလား။
- ▶ GBV အန္တရာယ်လွတ်မြောက်လာသူများကို ကျားမရေးရာနှင့် အသက်အရွယ်လိုက် ဝန်ဆောင်မှုအထောက်အပံ့ ပေးနိုင်သည့် ပစ္စည်းများ ပညာသင်ကြားရေးပတ်ဝန်းကျင်တွင် ရရှိရဲ့လား။
- ▶ ဥပဒေအထိမ်းအကွပ်က အန္တရာယ်လွတ်မြောက်လာသူများမှ သက်တူရွယ်တူစော်ကားမှုကို ဆရာများအား တိုင်ကြားခြင်းအတွက် အန္တရာယ် ရှိနိုင်လား။ (သို့) တိုင်တန်းမှုကို တုံ့ပြန်လျှင် ဆရာ/မ များအတွက်ကော အန္တရာယ်ရှိလား။
- ▶ ကျောင်းသူ/သားများကို အစီရင်ခံခြင်းနှင့် လွှဲပြောင်းခြင်းစနစ်များ၏အရည်သွေးများအပေါ် အကြံပြုချက်နှင့် အမြင်များကို ပုံမှန်မေးမြန်းလေ့ရှိလား။

**ပညာရေးဝန်ထမ်းကို သင်တန်းပေးရာတွင်**

- ▶ GBV အန္တရာယ်ဖွင့်ဟပြောဆိုသည့် အန္တရာယ်မှ လွတ်မြောက်လာသူများကို တလေးတစားနှင့် ထိထိရောက်ရောက် မည်ကဲ့သို့ ဆက်ဆံရမည်နည်း။
- ▶ လုံခြုံစိတ်ချမှုရှိပြီး လျှို့ဝှက်ထိန်းသိမ်းသော ကျင့်ဝတ်ကိုက်ညီသော ချက်ခြင်းလွှဲပြောင်းမှုကို မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ပြောပြပါသလား။
- ▶ အန္တရာယ်လွတ်မြောက်လာသူ ထုတ်ဖော်ပြောကြားပြီးနောက် ကျောင်းတက်ရန် (သို့) ကျောင်းပြန်တက်ရန် မည်ကဲ့သို့ အကောင်းဆုံး အထောက်အကူပေးမလဲ။

(က) GBV အန္တရာယ်လွတ်မြောက်လာသူများကို လူထုအဖွဲ့အစည်းများက ပံ့ပိုးမှုမျိုးရှိလား။ ဤလုပ်ငန်းများက ပညာရေးနှင့် ချိတ်ဆက်မှုရှိလား။

## စူးစမ်းလေ့လာမှုပြုလုပ်ရန် ဖြစ်နိုင်ချေရှိသောနယ်ပယ်များ
(မှတ်ချက် - ဤစာရင်းများသည် ပြီးပြည့်စုံမှုမရှိပါ)

**သင်ကြားသည့် အရည်အသွေးနှင့် ပညာရေးသင်ရိုးညွှန်းတမ်း**

(က) ဆရာများနှင့် အုပ်ချုပ်ရေးဝန်ထမ်းများက မိန်းကလေးများ အထူးသဖြင့် ဆယ်ကျော်သက်များ စွမ်းရည်မြှင့်တင်ခြင်းနှင့် ဆိုင်သော အကြောင်းအရာများကို သင်တန်းရရဲ့လား။

- ဆရာဖြစ်သင်ရိုးညွှန်းတမ်းတွင် လိင်မှုရေးရာနှင့် အခြားကျားမရေးရာနှင့် ပြဿနာများ ရှင်းလင်းစွာ ထည့်သွင်းထားတာ ရှိလား။ (ဥပမာ- ကျားမ ရေးရာ အလေးထားမှုပါသော သင်ကြားနည်း မိန်းကလေးများ ယောက်ျားလေးများကို ထိခိုက်စေသော အကြောင်းအရာများ ကျောင်းနေခြင်းနှင့် အောင်မြင်မှုအဆင့်စသည့် အကြောင်းအရာများ)
- ဤသင်တန်းများနှင့် ပညာရေးသင်ရိုးညွှန်းတမ်းက အသက်၊ လိင်- ကျားမရေးရာတို့၏ ဓလေ့နှင့် ကော ဆီလျော်မှုရှိလား။

(ခ) သင်ကြားရေးပစ္စည်းများက မိန်းကလေးနှင့် အခြားအန္တရာယ်ရှိ အုပ်စုအတွက် ဆီလျော်မှုရှိသည့် ပစ္စည်းများဟုတ်ရဲ့လား။

- သူတို့က ကျားမရေးရာရှေးရိုးစွဲအယူကို ရှောင်ကြလား
- မူလတန်း အလယ်တန်းသင်ကြားနည်းများက မိန်းကလေးများ၏ တန်းတူညီမျှမှုကို အလေထားရဲ့လား။ (ဥပမာ- မိန်းကလေးများကို ယောက်ျားလေးများနှင့် တန်းတူမေးခွန်းများစွာမေးရန် အားပေးမှုမျိုး၊ ယောက်ျားလေးများအား အုပ်စုတွင်လွှမ်းမိုးမှုမရှိန် စသည်တို့ သန့်ရှင်းရေးအလုပ်ကို ယောက်ျားလေးမိန်းကလေးတန်းတွဲခွဲခြားထားတာမျိုးရှိလား)
- သင်ကြားရေးပစ္စည်းများတွင် ဒေသအသိဗဟုသုတနှင့် အလေ့အကျင့်တို့အပေါ် အခြေခံပြီး ကျားမရေးရာ တန်းတူညီမျှမှု GBV၊ HIV ၊ လူ့အခွင့်အရေးများ၊ ဆက်ဆံရေး ကျွမ်းကျင်မှုများ အကြောင်းပါရဲ့လား။ အရည်အသွေးပြည့်မှီပြီး တိကျမှုနှင့် ဆီလျော်မှုရှိသော လိင်မှုဆိုင်ရာ ပညာရေးကို ကျောင်းသားအားလုံးတို့ အသက် ကျားမရေးရာနှင့် ဓလေ့နှင့် ဆီလျော်စွာ သောနည်းလမ်းဖြင့် ပံ့ပိုးပေးပါသလား။

### ပညာရေးပေါ်လစီများနှင့်ဆိုင်သော နယ်ပယ်များ

(က) GBV ကာကွယ်ရေးနှင့် လျော့ချရေးမဟာဗျူဟာများက ပညာရေးစီမံချက်၏ ပေါ်လစီများ၊ သတ်မှတ်စံနှုန်းများ၊ လမ်းညွှန်ချက်များတွင် ထည့်သွင်းရဲ့လား။

- အမျိုးသမီးများ၊ မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိအုပ်စုများက ပညာရေးပေါ်လစီ၊ စံသတ်မှတ်ချက်နှင့် လမ်းညွှန်များ ရေးဆွဲရာတွင် အဓိပ္ပါယ်ရှိစွာ ပါဝင်ကြရဲ့လား။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် ၎င်းတို့၏ အခွင့်အရေးကို သတ်မှတ်ဖော်ထုတ်ပေးသည့်အပြင် အထူးသဖြင့် ၎င်းတို့သည် GBV နှင့် ချိတ်ဆက်နေသောကြောင့်ဖြစ်သည်။ ၎င်းတို့အနေဖြင့် မည်သည့်နည်းလမ်းဖြင့် ပါဝင်ပါသနည်း။
- ဤပေါ်လစီများ၊ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များက အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အမျိုးသားများနှင့် (လိုအပ်ခဲ့လျှင်) သီးခြားစီ ဆက်သွယ်မှုရှိရဲ့လား။
- ပညာရေးဝန်ထမ်းများကို ဤပေါ်လစီများ အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးထားသလား။ ဒါအပြင်လိုအပ်သောစွမ်းရည်များ ဖြည့်ဆည်းပေးပါသလား။

### စူးစမ်းလေ့လာမှုပြုလုပ်ရန် ဖြစ်နိုင်ချေရှိသောနယ်ပယ်များ
### (မှတ်ချက် - ဤစာရင်းများသည် ပြီးပြည့်စုံမှုမရှိပါ)

(ခ) နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် ဆိုင်ရာ ပညာရေးကဏ္ဍမှ ပေါ်လစီများက မိန်းကလေးများနှင့်အခြား အန္တရာယ်ရှိသောအုပ်စုများအား ပညာသင်ခွင့်အလမ်းရှိမှုအတွက် ခွဲခြားဆက်ဆံမှုရှိလား။သို့မဟုတ်ပါက ၎င်းတို့၏လုံခြုံမှုကို အဟန့်အတားဖြစ်စေပါသလား။ (ဥပမာ- ကိုယ်ဝန်ရှိသော ဆယ်ကျော်သက်မိန်းကလေးများ ပညာဆက်လက်မသင်ကြားရခြင်း)

(ဂ) နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် ဆိုင်ရာ ပညာရေးကဏ္ဍမှ ပေါ်လစီများနှင့် စီမံချက်များတွင် GBV ဆက်စပ်သော အန္တရာယ်လျော့ချရေး မဟာဗျူဟာများတွင် ထည့်သွင်းရေးဆွဲတာမျိုးရှိလား။ ဤမဟာဗျူဟာသည် ရေရှည်တည်တံ့မှုအတွက် ရံပုံငွေခွဲဝေမျှထားခြင်းမျိုးရှိလား။

### ပညာရေးနှင့် ဆိုင်သောနယ်ပယ်တွင် ဆက်သွယ်ရေးနှင့် သတင်းဝေမျှခြင်း

(က) ပညာရေးစီမံချက်က လူထုအတွင်း (ဥပမာ- မိဘဆရာအသင်း (သို့) လူထု- မိဘပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတွင်GBV အန္တရာယ်များ ကာကွယ်ရေးအကြောင်းနှင့် အန္တရာယ်လွတ်မြောက်လာသူများ အခွင့်အရေးများအကြောင်း အမြင်ဖွင့်ပြောကြားရဲ့လား။

- အန္တရာယ်တွေ့လျှင် ဘယ်မှာ သတင်းပို့ရန် ဘယ်မှာ စောင့်ရှောက်မှု ယူရန်စသည့် အသိအမြင်ပေးသည့် လုပ်ငန်းမျိုးရှိရဲ့လား။ (လျှို့ဝှက်စွာထိန်းသိမ်းထား ခြင်းကို ဝန်ဆောင်မှုပေးသည့်နေရာတွင် လူထုအဆင့်တွင် ထားရှိမှုအပါအဝင်)
- သတင်းပေးရာတွင် အသက်၊ ကျားမရေးရာနှင့် ထုံးတမ်းစဉ်လာအရ ဆီလျော်မှုနည်းလမ်းများဖြင့် ပေးရဲ့လား။
- အမျိုးသားများ အထူးသဖြင့် လူထုခေါင်းဆောင်က ဤအသိမြင်ဖွင့် လုပ်ငန်းများတွက် ပြောင်းလဲမှု ကိုယ်စားလှယ် အနေဖြင့် ပါဝင်ကြသလား။

## အရင်းအမြစ် စည်းရုံးလှုံ့ဆော်ရာတွင် GBV ထည့်သွင်းစဉ်းစားရမည့် အဓိကအချက်များ

ပညာရေးစီမံချက် အဆိုပြုလွှာရေးရာတွင် GBV နှင့်ဆိုင်သော အရင်းအမြစ်စည်းရုံးမှုများအတွက် ထည့်သွင်းစဉ်းစားရမည့် အရေးပါသော အချက်များမှာ အောက်ပါအတိုင်း အလေးထားဖော်ပြထားပါသည်။ အရေးပေါ်မတိုင်မီရံပုံငွေ (သို့) အရေးပေါ်ပြီးဆုံးပြီးနောက် (သို့) ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေး အတွက် မည်သည့်ရံပုံငွေတောင်းခံရာတွင် အဆိုပြုလွှာတွင် GBV ၏ထူးခြားသည့် အန္တရာယ်များနှင့် ဤအန္တရာယ်အတွက် ဆောင်ရွက်မည့် မဟာဗျူဟာများတွင် ဗဟုသုတများပါရှိပါက အဆိုပြုလွှာအတွက် အားဖြည့်ပေးလိမ့်မည်။

### အရေးတကြီးသိရှိရန် လိုအပ်သော အချက်များ
### ရံပုံငွေရရှိမှုကို ကျော်လွန်ပြီး

အရင်းအမြစ်စည်းရုံးခြင်းသည် ရံပုံငွေရရှိမှုတစ်ခုသာ မဟုတ်ဘဲ လူသားအရင်းအမြစ်များထောက်ပံ့မှု၊ အထောက်အပံ့နှင့် အလှူရှင်များ၏ ကတိကဝတ်ကို မြှင့်တင်လိုက်ခြင်း ဖြစ်သည်။ အရင်းအမြစ်စည်းရုံးရေးနှင့် ဆိုင်သော အထွေထွေစဉ်းစားမှုများကို အပိုင်း ၂ **သမိုင်းကြောင်း တွင်လေ့လာပါ**။ ထပ်လောင်းပြီး လူသားချင်း စာနာထောက် ထားသောအဖွဲ့/ မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းပြီး အရင်းအမြစ်စည်းရုံးခြင်း နည်းဗျူဟာများကို အောက်တွင်ရှိသော " ညှိနှိုင်းဆောင်ရွက်ခြင်း" ခေါင်းစဉ်တွင် စားပြုစုဖော်ပြထားပါသည်။

## လူသားချင်းစာနာ ထောက်ထားမှု လိုအပ်ချက်၏ လွှမ်းခြုံရှုမြင်မှု

- အဆိုပြုလွှာသည် ပညာရေးနယ်ပယ်ရှိ GBV နှင့် ဆက်စပ်သည့် လုံခြုံမှုအန္တရာယ်များ၊ ကာကွယ်ရေးအတွက် လိုအပ်ချက်များနှင့် ထိခိုက်သူ လူထု၏ အခွင့်အရေးများ ရေးသားထားပါသလား။
- GBV ကို ကျယ်ကျယ်ပြန့်ပြန့် ကိုးကားမှုတစ်ခုအနေဖြင့် မဟုတ်ဘဲ GBV ၏ သီးခြားပုံစံများအတွက် ဘေးအန္တရာယ်များ ( လိင်မှုဆိုင်ရာစော်ကားမှု၊ အရင်းနှီးဖော်မှ အကြမ်းဖက်မှု၊ အမျိုးသမီးလိင်အင်္ဂါ ဖြတ်တောက်ခြင်း၊ အသက်ငယ် လက်ထပ်ခြင်း စသည်) ကို ဖော်ပြပြီး ပြန်လည်သုံးသပ်မှုပြုလုပ် ပါသလား။
- ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် သင်ကြားရေးလက်လှမ်းမီမှုနှင့်ဆိုင်သော ပြဿနာများ နားလည် သဘောပေါက်ပါသလား။ လိင် အသက် မသန်စွမ်းနှင့် အခြားသော ဆီလျော်သော ထိခိုက်မှုဖြစ်စေသည့် အချက်များ စသည့် ခွဲခြားထားပါသလား။ လူငယ်များနှင့် ဆယ်ကျော်မိန်းကလေးများ ကြုံတွေ့ရသော ဘေးအန္တရာယ်နှင့် ဆက်စပ်သော အကြောင်းအရင်းများနှင့် GBV ဘေးအန္တရာယ်ကြုံတွေ့သောသူများကို ဖော်ပြထားပါသလား။
- အဆိုပြုလွှာက အောက်ပါအချက်များကို ညွှန်းဆိုထားပါသလား။
  - မိန်းကလေး၊ ယောက်ျားလေး အကြား ကျောင်းမှတ်ပုံတင်ခြင်း၊ ကျောင်းတက်ခြင်းနှင့် ကျောင်း ဆက်လက်ထားရှိခြင်း အချိုးကို မူလတန်း အလယ်တန်းပညာ သင်ကြားရေးတွင် ညွှန်းဆိုခြင်းရှိပါသလား။
  - ခေါင်းပုံဖြတ်ခြင်း၊ စော်ကားခံရခြင်း အစီရင်ခံစာတွင် လိင် အသက် မသန်စွမ်းမှုနှင့် အခြား အခြားထိခိုက်လွယ်သော အချက်များတွင် ခွဲခြားဖော်ပြထားမှု ရှိပါသလား။
  - ကျောင်းအုပ်ချုပ်ရေးနှင့် ဆရာ/မများ၏ ကျား-မ အချိုးစသည်တို့ကို ထည့်သွင်းဖော်ပြရဲ့လား။
- ပညာရေးကဏ္ဍတွင် GBV အကြောင်းသတ်မှတ်ဖော်ထုတ်ရာတွင် ကြိုတင်မှန်းဆထားသော စိန်ခေါ်မှုများကို ခွဲခြမ်းစိတ်ဖြာတင်ပြထားရဲ့လား။ (ဥပမာ- ကျောင်းတွင်းနှင့် အနီးပတ်ဝန်းကျင်ရှိ လုံခြုံမှု အန္တရာယ်များ ၊ အကြမ်းဖက်မှုအပေါ်ထားရှိသော သဘောထားအမြင်နှင့် ယုံကြည်မှု၊ လူထုနှင့် ကျောင်းတွင် လိင်မှုရေးရာနှင့် ကျား မရေးရာ စံသတ်မှတ်ချက်များ ၊သင်ကြားရေးဌာန၏ GBV ကာကွယ်ရေးတုံ့ပြန်ရေးအတွက် စွမ်းဆောင်နိုင်မှု) ရှိသလား။

## စီမံချက်ကျိုးကြောင်းဆီလျော်မှု

- အရေးပေါ်အခြေအနေတွင် ပြင်ဆင်မှုအတွက် အဆိုပြုလွှာရေးသားရာတွင်
  - GBV အန္တရာယ်လျှော့ရေးအစီအစဉ်ကို ပညာရေးတွင် လျင်မြန်စွာ တုံ့ပြန်နိုင်ရန် အသက်၊ ကျား မ ရေးရာ၊ ထုံးတမ်းအလိုက် ဆီလျော်သော အထောက်အကူများ ကြိုတင်ပြင်ဆင်ထားမှု ရှိပါသလား။ (ဥပမာ- ကျားမရေးရာ အလေးထား၍ ခိုင်ခံ့မှုရှိသော အရေးပေါ် ဆေးသေတ္တာထားရှိမှု၊ ရေချိုးခန်း အိမ်သာအလင်းရောင်ရရှိမှု၊ ကျောင်းဝတ်စုံ (သို့) အခြားဆီလျော်သော အဝတ်အထည်များ၊ အရွယ်ရောက်သော ဆရာမများနှင့် ကျောင်းသူများတွက် ကျန်းမာရေးသုံး ပစ္စည်း၊ မသန်စွမ်းများ အသုံးပြုနိုင်သည့် အထားအသို စသည်ဖြင့်)
  - အစိုးရ၊ ပညာရေးဝန်ထမ်း (ပညာရေးဝန်ဆောင်မှု ပထမတုံ့ပြန်မှုပေးမည့်သူ စသည်အပါအဝင်) သင့်တော်သော လူထုအဖွဲ့ဝင်များကို ပညာသင်ကြားရေးတွင် GBV အန္တရာယ်လျှော့ချရေး အကြောင်း သင်တန်းပေးထားရဲ့လား။
  - ကွင်းဆင်းလုပ်ငန်းအတွက် ပုံစံအမျိုးမျိုးနှင့်ဘာသာစကားအမျိုးမျိုးပါရှိသော ပညာပေးပစ္စည်းများအတွက် အပိုကုန်ကျစရိတ်ထပ်၍ လိုအပ်ပါသလား၊ (ဥပမာ- မျက်မမြင်၊ နားမကြားသူစသည်တို့အတွက် ရုပ်ပုံကားချပ်စသည် ပညာပေးပစ္စည်း)

- အရေးပေါ် အခြေအနေတုံ့ပြန်မှုအတွက် အဆိုပြုလွှာရေးရာတွင်
  - GBV အန္တရာယ်လျှော့ချရေးအတွက် ပညာရေးစီမံချက်က မည်ကဲ့သို့အကောင်ထည်ဖော်မည်ကို ရှင်းလင်းစွာဖော်ပြထားပါသလား။(ဥပမာ-သင်ရိုးညွှန်တမ်း၊ သင်ကြားရေးဝန်ကျင်၏ တည်နေရာနှင့် ဒီဇိုင်း)
  - SPHERE လက်စွဲတွင် ဖော်ပြထားသော စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရဲ့လား
  - ပညာရေးကဏ္ဍတွင် အမျိုးသမီးဝန်ထမ်းများအတွက် လုံခြုံမှု၊ ထိရောက်မှုရှိသော လုပ်ငန်းခွင်ဖြစ်ရန် ကုန်ကျစရိတ်အပို ထပ်မံလိုအပ်ပါသလား။ (ခရီးသွားရမည့် ကိစ္စအပါဝင် တာဝန်များကို အမျိုးသမီးဝန်ထမ်းတစ်ဦးထက်မက ခန့်အပ်ပေးခြင်း နှင့် အမျိုးသမီးဝန်ထမ်း၏ မိသားစုဝင် အမျိုးသားအား ခရီးစရိတ်ထောက်ပံ့ခြင်းဖြင့် အမျိုးသမီးဝန်ထမ်းအား အဖော်ပြုပေးစေခြင်း)
- အရေးပေါ်အခြေအနေပြီးနောက် ပြန်လည်ထူထောင်ရေးအတွက် အဆိုပြုလွှာရေးရာတွင်
  - ပညာရေးစီမံချက်က GBV အန္တရာယ်ရှိသူ၏ ဘေးကင်းလုံခြုံမှုနှင့် လူနေမှုဘဝအဆင့်အတန်းမြင့်တင်ပေးသည့် ရေရှည်တည်တံ့သော နည်းဗျူဟာများနှင့် GBV ကိုလျှော့ချရန် ရေရှည်ကြိုးပမ်းလုပ်ဆောင်မှုများအပေါ် ဖြည့်ဆည်းပေးမည့် နည်းလမ်းများ ရှင်းလင်းချက်များ ပါရှိပါသလား။ (ဥပမာ- အစိုးရအနေဖြင့် ကျားမ ရေးရာတန်းတူညီမျှမှုနှင့် မိန်းကလေးငယ်များ အထူးသဖြင့် ဆယ်ကျော်သက်မိန်းကလေးများ၏ စွမ်းရည်မြင့်တင်ခြင်းကို အားပေးသည့် မူလတန်းနှင့် အလယ်တန်းအဆင့်သင်ရိုးညွှန်တမ်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အပံ့ပေးခြင်း)
  - ရေရှည်တည်တံ့မှုကို ရရှိစေရန် ရပ်ရွာလူထုနှင့် အတူတကွအလုပ်လုပ်မည့် ကတိကဝတ်ကို အဆိုပြုလွှာတွင် ထင်ဟပ်စေပါသလား။

## စီမံချက်အားရှင်းလင်းဖော်ပြခြင်း

- အဆိုပြုထားသည့် လုပ်ငန်းများသည် GBV အန္တရာယ်မှလွတ်မြောက်လာသူအတွက် ဆောင်ရွက်ပေးသည့် ပညာရေး လုပ်ငန်းစဉ်စီမံချက်အတွက်  လမ်းညွှန်စည်းမျဉ်းနှင့်အဓိကချဉ်းကပ်နည်းလမ်းကို ထင်ဟပ်စေသလား။ (လူ့အခွင့်အရေး အခြေပြု၊ လွတ်မြောက်လာသူဗဟိုပြု နှင့် ရပ်ရွာအခြေပြု)
- အဆိုပြုထားသည့် လုပ်ငန်းစဉ်များသည် အရင်းအမြစ်များကို တိုးမြှင့်လာအောင်နှင့် ဗျူဟာကျကျဆောင်ရွက်နိုင်ရန်အတွက် အခြားလူမှုရေး လူသားချင်းစာနာထောက်ထားသော လုပ်ငန်းဆောင်ရွက်နေသော မိတ်ဖက်များနှင့် ချိတ်ဆက်မှုကို ဖော်ပြထားပါသလား။
- စီမံချက်က အမျိုးသမီးများ၊မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိအုပ်စုအား ပညာရေးဝန်ထမ်းအနေဖြင့် လူထုအခြေပြု ပညာရေးကော်မတီအတွက် ပူးပေါင်းပါဝင်မှုကို အားပေးပါသလား

## အကောင်အထည်ဖော်ရာတွင် GBV ကိုထည့်သွင်းစဉ်းစားရမည့် အဓိက အချက်များ

အောက်ဖော်ပြပါ အကြောင်းအရာများသည် လူသားချင်းစာနာထောက်ထားသော အကူအညီ လိုအပ်သည့် နေရာတွင် ပညာရေးစီမံကိန်းများကို အကောင်ထည်ဖော် ဆောင်ရွက်မည်ဆိုပါက တွေ့နေကျဖြစ်သည့် GBV နှင့်ဆက်စပ်သော စဉ်းစားရမည့် အချက်များဖြစ်ပါသည်။ ဤစဉ်းစား တွေးခေါ်ရမည့် အချက်များသည် အခြေအနေနှင့် နေရာဒေသအလိုက် ကျင့်သုံးရမည်ဖြစ်ပြီး အမြဲတန်းထည့်သွင်း စဉ်းစားရမည် အချက်များက ဦးတည်ထားသည့် ရပ်ရွာ၏ အရေးကြီးသော အခွင့်အရေးများ၊ ဖော်ပြထားသော လိုအပ်ချက်များနှင့် သတ်မှတ်ဖော်ထုတ်ထားသည့် အရင်းအမြစ်များဖြစ်ပါသည်

## ပညာရေးစီမံကိန်းတွင် GBV ကာကွယ်ရေးနှင့် တုံ့ပြန်မှုကို ပေါင်းထည့်ခြင်း

(၁) **အမျိုးသမီးများနှင့် အခြားအန္တရာယ်ရှိ အုပ်စုများကို** ဝန်ထမ်းအဖြစ် ခေါင်းဆောင်အဖြစ် ပညာရေးစီမံကိန်းတွင် ပါဝင်စေပါ။ (ဤအခြေအနေက လုံခြုံမှုအန္တရာယ်ရှိနိုင်ခြင်း (သို့) GBV အန္တရာယ်များ မည်တို့ကို သတိပြုပါ)

- ပညာရေးကဏ္ဍတွင် အမျိုးသမီးများ ဝန်ထမ်းအဖြစ် ၅၀% ပါဝင်ရေးကို ကြိုးပမ်းဆောင်ရွက်ပါ။ စနစ်တကျနှင့် လုပ်ငန်းစဉ်တွင် ခေါင်းဆောင်မှုနှင့် နေရာရမှုဦးတည်၍ သင်တန်းပေးပါ။ (ဥပမာ- အတန်းငယ် အရေးမကြီးသောဘာသာသင်ကြားစေခြင်းထက် ရာထူးကြီးသောနေရာတွင် ထားရှိရန်)
- အမျိုးသမီးများ( ဆီလျော်လျှင် ဆယ်ကျော်သက်မိန်းကလေးများ) ပညာရေးနှင့် ဆက်စပ်သည့် ကော်မတီနှင့် အဖွဲ့များတွင် တက်ကြွစွာပါဝင်စေပါ။ အမျိုးသမီးအခန်းကဏ္ဍ ပြောင်းရန် ကြိုးပမ်းမှုတွင် ဆယ်ကျော်သက် မိန်းကလေးများတွင် တင်းမာမှု အလားအလာရှိနိုင်မှုကို သတိပြုပါ။ လိုအပ်လျှင် အမျိုးသားများနှင့် စကားအခြေအတင်ပြောရာတွင် ပါဝင်စေခြင်းက အမျိုးသားများ၏ ကူညီမှုလည်းရနိုင်သည်။
- လူထုခေါင်းဆောင်၊ ဘာသာရေးခေါင်းဆောင်၊ အခြားလူထုအဖွဲ့ဝင်များကို စီမံကိန်း အကောင်အထည် ဖော်ရာတွင် ပါဝင်ရန်ဖန်တီးခြင်းဖြင့် အမျိုးသမီးများ၊ ဆရာမများနှင့် အုပ်ချုပ်ရေးဝန်ထမ်းများတွင် လုံခြုံမှု ရှိသလိုခံစားရပြီး အကူညီလည်းရနိုင်သည်။
- အန္တရာယ်ရှိ အုပ်စုမှ လူပုဂ္ဂိုလ်များကို ပညာရေးဝန်ထမ်းအဖြစ် ခေါင်းဆောင်မှုနှင့် သင်တန်းပေးသည့် ရာထူးကို ခန့်ထားပါ။ စီမံချက်တွင် ထိခိုက်လွယ်မှုနှင့်ဆိုင်သော ပြဿနာများကို လုံလောက်စွာသတ်မှတ်ဖော်ထုတ်မှုရှိမရှိ သေချာဆောင်ရွက်ရန်အတွက် ၎င်း၏သွင်းအားစုများကို ပါဝင်စေပါ။

### အောင်မြင်ရန် အလားလာကောင်းသော အလေ့အထများ

ဆူဒန်နိုင်ငံတောင်ပိုင်းတွင် အမျိုးသမီးဆရာမအနည်းငယ်သာရှိသည်။ ထိုသို့ဖြစ်ခြင်းသည် ကျောင်းထဲတွင် မိန်းကလေးငယ်များအတွက် အမျိုးသမီးစံပြ ပုဂ္ဂိုလ်နှင့် လမ်းညွှန်ပြသူမရှိခြင်းကို ဆိုလိုသည်။ ကျေးရွာပညာရေးစွမ်းရည်မြင့်တင်ရေး EVE ကို ၂၀၀၈ ခုနှစ်တွင် အာဖရိကပညာရေးယုံကြည်ချက် (AEP) နှင့် တောင်ပိုင်းဆူဒန်ကို အစိုးရပညာရေးဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်၍ လိုအပ်ချက် ကွက်လပ်ဖြည့်နိုင်ရန် ရည်ရွယ်ပြီး ကျောင်းသားမိခင်များ ( School Mother) အယောက် (၁၀၀)ကို EVE လူထုမှရွေးချယ်ပြီး **ကျောင်းမိခင်**များအဖြစ်ထားရှိသည်။ လုပ်ငန်းစဉ်၏ အဓိကရည်ရွယ်ချက်မှာ ကျောင်းတွင် မိန်းကလေးများ ကျောင်းတက်နိုင်ရန်နှင့် ပညာသင်ကြားနိုင်သော အထောက်အပံ့ဖြစ်စေသည့် ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန်ဖြစ်သည်။ ကျောင်းမိခင် အဖွဲ့က မိန်းကလေးများအား ကျန်းမာရေး၊ တစ်ကိုယ်ရေးသန့်ရှင်းရေး ကဲ့သို့သော ပြဿနာနှင့်ဆိုင်သော သတင်းအချက်အလက်များ အကူညီနှင့်အကြံ ဉာဏ်ပေးခြင်းနှင့် အမျိုးသမီးငယ်များ၏ ကျောင်းတွင်း ပြင်ပ ပညာရေးနှင့် စပ်လျဉ်းပြီး ပံ့ပိုးပေးခြင်း လုပ်ဆောင် ပေးသည်။ မိန်းကလေးငယ်များ၏ အမြင်နှင့် လိုအပ်ချက်များကို ကျောင်းအုပ်နှင့် မိဘထံတင်ပြပေးပြီး ညှိနှိုင်း လုပ်ဆောင်ပေးခြင်း၊ အိမ်များသို့ သွားရောက်လည်ပတ်ခြင်း မိန်းကလေးများအတွက် ပညာသင်ကြားမှုက အရေးပါသောအခွင့်အရေးဖြစ်ကြောင်း အမြင်ဖွင့်ပြောကြား ပေးသည်

(Adapted from the **African Educational Trust. 2011.** *Empowering Village Education: Improving enrolment and retention of girls in primary schools in South Sudan,* <http://africaeducationaltrust.org/wp-content/uploads/2014/07/2011-Empowering-Village-Education.pdf>)

**၂။ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အခြားအန္တရာယ်ရှိအုပ်စုများအတွက် ပညာရေးစီမံချက်၏ လက်လှမ်းမှီမှုကို ကျယ်ပြန့်စွာရနိုင်မည့် မဟာဗျူဟာကို အကောင်ထည်ဖော်ပါ။**

- ► အရေးပေါ်အခြေအနေစတင်ပြီးနောက် ဒေသခံကျွမ်းကျင်မှုကို သုံးပြီး အမျိုးသမီး၊ မိန်းကလေး၊ ယောက်ျားလေးများနှင့် အမျိုးသားများတို့ဖြင့် တိုင်ပင်ပြီး မူလတန်းနှင့် အလယ်တန်းအဆင့် ပညာသင်ကြားရေးကို အမြင့်ဆုံးပြန်လည်ထူထောင်ပါ။ ကျောင်းများမရှိရင် ကျောင်းဆောင်နေရာ အသစ်ကို ကျောင်းသားများတွက် လုံခြုံမှုပေးနိုင်သော ကျောင်းနေရာသစ်ကို ဖန်တီးပါ။ သင်ကြားရေး အစီအစဉ် ရပ်တန့်သွားမည့် အဖြစ်မျိုးကို ရှောင်ရှားပါ။
- ► ပုံစံတကျမဟုတ်သော (သို့) သမရိုးကျမဟုတ်သော (သို့) ဓလေ့ထုံးတမ်းအရမဟုတ်သော ပညာရေး စီမံကိန်းတစ်ခု အကောင်အထည်ဖော်ပါ။ (ဥပမာ- ညစာကျက်ဝိုင်၊ အဝေးသင်၊ ကျောင်းဆင်းချိန်၊ ရပ်ရွာလုပ်ငန်း၊ ယာယီသင်ကြားရေးနေရာများ၊ ကွန်ပျူတာအခြေခံပြီး ပြန်လှန် သင်ကြားစေခြင်း စသည်)။ ဤသမရိုးကျမဟုတ်သောနည်းလမ်းသည် ပုံမှန်ကျောင်းဆောင်မရှိနိုင်သော သို့မဟုတ် လက်လှမ်းမမှီနိုင်သော ကျောင်းသူ/သားအချို့အတွက် အထောက်အကူဖြစ်ပါသည်။ (ဥပမာ- မသန်စွမ်းသူများ၊ ငယ်ရွယ်သူမိခင်များ အိမ်မှုတာဝန်ယူနေရသောကြောင့် ကျောင်းမတက်နိုင်သူများ၊ လက်နက်ကိုင်တပ်ဖွဲ့နှင့် ဆက်စပ်သောကလေးများ စသည်)
- ► ပညာရေးစီမံချက်တွင် အမျိုးသမီးများ၊မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိအုပ်စုများ ပူးပေါင်း ပါဝင်မှုအတွက် အတားအဆီးဖြစ်စေသည့်  အထောက်အပံ့နှင့် ဓလေ့ထုံးတမ်းများကို သတ်မှတ်ဖော်ထုတ်ပါ။
  - အိမ်မှုကိစ္စနှင့် အိမ်မှုတာဝန်နှင့်ပိနေသော အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေများ၏ လိုအပ်ချက်နှင့် ကိုက်ညီစေရန် သမရိုးကျနှင့် သမရိုးကျမဟုတ်သော ပညာရေးစီမံချက်၏ အချိန်နှင့် တည်နေရာကို သေချာစွာလုပ်ဆောင်ပါ။
  - အမျိုးသမီးများ၊ ငယ်ရွယ်သူကလေးအမေများအတွက် ပညာရေးလုပ်ငန်းများတွင် လုံခြုံစိတ်ချစွာပူးပေါင်းပါဝင်နိုင်ရန် ၎င်းတို့၏ ကလေးအား လုံခြုံမှုရှိစွာ စောင့်ရှောက်မှုပေးပါ။

- အပြည်ပြည်ဆိုင်ရာဒီဖိုင်းနှင့်လက်ရှိ အဆောက်အဦးကို လိုက်လျောညီထွေမှုရှိစေခြင်းသည် မသန်စွမ်းများလည်း လာရောက်နိုင်သည်။
- ဖြစ်နိုင်လျှင် သမရိုးကျမဟုတ်သော ရန်ပုံငွေနှင့် ကျောင်းစရိတ်ထောက်ပံ့ခြင်းမျိုး ကူညီထောက်ပံ့ပေးပါ။ (ဥပမာ- ပညာသင်ဆု၊ အခြေအနေပေါ် မူတည်၍ငွေလွှဲပေးခြင်း၊ ကျောင်းပစ္စည်းအသုံးအဆောင်၊ ကျောင်းဝတ်စုံ၊ ကျောင်းတွင်အစားအစာကျွေးခြင်း... စသည်)

## အောင်မြင်နိုင်ချေရှိသည့် အလားအလာကောင်းသောအလေ့အကျင့်

WFP ကမ္ဘာ့စားနပ်ရိက္ခာ ထောက်ပံ့ရေးအစီအစဉ်မှ ကျောင်းအဟာရကျွေးစီမံချက်ဖြင့် ကျောင်းတွင် မိန်းကလေးငယ်များ ကျောင်းပြန်လည်တက် ရောက်သည့်အရေအတွက်မြင့်မားလာသည်။ ပညာရေးသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ရပ်တန့်သွားအောင် အရေးပါသော အချက်များထဲက တစ်ခုဖြစ်သည်။ ချက်နှင့်ကွန်ဂို ဖြစ်ရပ်များက မိန်းကလေးများအား အစားအသောက်ဝေစုကို အိမ်ကိုပြန်ယူသွားရန် ပံ့ပိုးပေးခြင်းက လွန်ခဲ့သော ၂ နှစ်ထက်စာရင် စောစီးစွာလက်ထပ်ခြင်း အရေအတွက် သိသိသာသာလျော့ကျလာသည်ကို ထောက်ပြနေပါသည်။ Kenya တွင် ကျောင်းတွင် အစားအသောက်ထောက်ပံ့ရေးအစီအစဉ်က မြောက်ပိုင်းခြောက်သွေ့သောဒေသတွင်းရှိ မိန်းကလေးငယ်များ ကျောင်းတက်နိုင်အောင် ကူညီပေးသည်။ WFP အနေဖြင့် အတင်းအဓမ္မလက်ထပ်ခြင်းမှ ထွက်ပြေးလာသောမိန်းကလေးငယ်များအား ကျောင်းအိပ်ကျောင်းစားနေရန်အတွက် အစိုးရဌာနကို ပံ့ပိုးပေးပါသည်။

(Excerpted from **Pattugalan, G. 2014.** 'LinkingFood Security, Food Assistance and Protectionfrom Gender-Based Violence: WFP's experience',Humanitarian Exchange, Number 60, pp. 30–33,<www.odihpn.org/humanitarian-exchangemagazine/issue-60>)

## အောင်မြင်ရန် အလားအလာကောင်းသောအလေ့အကျင့်

ယူဂန်ဒါမြောက်ပိုင်း Amurce & Gulu ဒေသတွင် ကျောင်းဆင်းပြီးသည်နှင့် တချို့ဒေသများက ကျောင်းတွင် ကျန်နေခဲ့ပြီး ရာသီလာချိန်မိန်းကလေးများ ကျောင်းပျက်ကွက်မှုမဖြစ်အောင် မိန်းကလေးများနှင့် ယောက်ျားလေးများက ဈေးချိုသာသည့် ကျန်းမာရေးနှင့် သန့်ရှင်းရေးအသုံးအဆောင် (အမျိုးသမီးလစဉ်)ကို လုပ်ကြသည်။ မိန်းကလေးနှင့် ယောက်ျားလေးများသည် ဂွမ်းနကို စာအုပ်၊ ဘော်လီသင်းအုပ်ထားသော အမျိုးသမီး လစဉ်သုံးဆောင်ကို လုပ်ကြသည်။ ဤပစ္စည်းထပ်ခါတလဲလဲလျှော်သုံးနိုင်ပြီး လပေါင်းများစွာလည်း ခံသည်။ ဈေးနှုန်းကြီးသော ဒေသခံဆိုင်များတွင် ရောင်းသည့်ပစ္စည်းအတွက် အစားသုံးနိုင်သည့် ယူဂန်ဒါရှီလင် - ၅၀၀၀ ခန့်သာကျပြီး ၂.၅၀ မတတ်နိုင်သူအတွက် အခြားအပြောင်းလဲနည်းဖြစ်သည်။

မိန်းကလေးများအတွက် ကျန်းမာရေးအသုံးအဆောင်မရှိခြင်း၊ ရေချိုးခန်း၊ အနည်းငယ် (သို့) သီးသန့်ထားသော ရေချိုးခန်းမရှိခြင်းနှင့် အမျိုးသမီး ဆရာမရှိခြင်း စသည် အကြောင်းများက ဆယ်ကျော်သက်မိန်းကလေးများ၊ ကျောင်းပျက်မှုဖြစ်စေသော အကြောင်းများဖြစ်စေသည်။ Gulu တွင် မိန်းကလေးများ ကျောင်းပျက်ခြင်းမှ လျော့ကျရန် ကြိုးပမ်းရာတွင် ကျန်းမာရေးအသုံးအဆောင်(အမျိုးသမီးလစဉ်သုံး)ပြုလုပ်ခြင်းဖြင့် လူထုအား အမျိုးသမီးများ ပညာသင်ကြားမှုအတွက် အမြင်ဖွင့်လုပ်ငန်းများလုပ်ဆောင်ခဲ့သည်။ ဖွံ့ဖြိုးရေးဆောင်ရွက် လုပ်ဆောင်နေသော မိတ်ဖက်အဖွဲ့အစည်းက အချို့ကျောင်း များတွင် မိန်းကလေးအဝတ်လဲခန်းဖွဲ့ပေးခြင်း၊ အမျိုးသမီးဆရာမများကို နှစ်သိမ့်ဆွေးနွေးခြင်း အတတ်ပညာ လမ်းညွှန်ပေးခြင်းတို့ကို ဆောင်ရွက်သည်။  Awich စီမံချက်ကို ၂၀၁၀ တွင် မူလတန်းအစပျိုးခဲ့ရာ မိန်းကလေးများကျောင်းပြန်ဝင်သည့် အရေအတွက် ၂၀၁၀ တွင် (၂၆၈)နှင့် ၂၀၁၁ တွင် ၁၀၀ အထိတိုးလာသည်ကို တွေ့ရသည်။

(Adapted from <www.irinnews.org/report/93291/uganda-sanitary-pads-keep-girls-in-school>)

- ကလေးသူငယ်များနှင့် လူငယ်များ၏ ကျောင်းထွက်နှုန်းနှင့် ကျောင်းပြင်ပရောက်အရေအတွက် လျော့ကျစေမည့် နည်းဗျူဟာများကို အကောင် အထည်ဖော်ပါ။ (ဥပမာ- အသက်၊ ကျား-မ ရေးရာနှင့် ဓလေ့ထုံးတမ်း အလေးထားသည့် ကွင်းဆင်းအစီအစဉ်၊စစ်တပ်နှင့် ဆက်စပ်မှုရှိသော ယောကျာ်းလေး၊ မိန်းကလေးများအတွက် ပြန်လည်ကျောင်းစာရင်းသွင်းသည့် အစီအစဉ်၊ ကျောင်းပြင်ပရောက်လူငယ်များအတွက် ပေါင်းကူး အစီအစဉ်၊ ကျောင်းမှတ်ပုံတင် ကျောင်းသားများ ကျောင်းတက်နှုန်း စားသွင်းထားရှိရန် အတွက် အချက်အလက်သုံးစနစ်.....
    - ရပ်ရွာထဲတွင် ဖြစ်ပေါ်နေသော ကျားမရေးရာပြဿနာသည် အထူးသဖြင့် လူငယ်နှင့် ဆယ်ကျော်သက်မိန်းကလေးတို့၏ ကျောင်းလုပ်ငန်းများနှင့် ဆက်စပ်နေသောကြောင့် ထိုပြဿနာတို့အား ကောင်းမွန်စွာနားလည်စေရန်နှင့် သတ်သတ်မှတ်မှတ်ဖော်ထုတ်နိုင်ရန် သေချာဆောင်ရွက် လုပ်ဆောင်ပါ။
    - ကျောင်းနေသော၊ကျောင်းနေလိုသော မိန်းကလေးများအပေါ် တိုးများလာသည့် GBV အန္တရာယ်များကို လျှော့ချရန်အတွက် မူလတန်းနှင့် အလယ်တန်းအဆင့် ၂ ခုလုံးတွင် ဆောင်ရွက်ပါ။

**၃။ ကျောင်းပတ်ဝန်းကျင်နှင့်အနီးတစ်ဝိုက်တွင် ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံမှုမြင့်မားလာစေမည့် နည်းဗျူဟာများကို အမျိုးသမီးများ၊ မိန်းကလေးများ၊အမျိုးသားများနှင့် ယောကျာ်းလေးများနှင့် တိုင်ပင်ဆွေးနွေးပြီး အကောင်အထည်ဖော် လုပ်ဆောင်ပါ။**

- ပညာသင်ကြားနေသည့် ပတ်ဝန်းကျင်တွင် အလားအလာရှိသည့် GBV နှင့် စပ်လျဉ်းသည့် အန္တရာယ် လျော့နည်းအောင် လုပ်ဆောင်ပါ။ (ဥပမာ- ကျား၊မ သီးသန့်သတ်မှတ်ထားသော အိမ်ဆောင်၊ အိမ်သာ၊ ရေချိုးခန်းများ ထားပေးပါ။ ရေမရနိုင်သော ကျောင်းများတွင် တစ်ကိုယ်ရေသန့်ရှင်း ရေးနှင့်ဆိုင်သော ပစ္စည်းများရရှိမှုအတွက် ရေပေးဝေမှုရှိသောနေရာတွင် ကျောင်းနေရာသတ်မှတ်ပါ။ သွားလာလမ်းကြောင်း အလင်းရောင်ရရှိမှု၊ ဘေးကင်းရာပြောင်းရွှေ့နေထိုင်သည့်လမ်းကြောင်း လုံခြုံမှု...)
- ဆီလျော်မှုရှိမည်ဆိုလျှင် လက်ရှိလူထုကာကွယ်ရေးနည်းများတွင် လုံခြုံရေးအစောင့်များအား အန္တရာယ်အလားလာရှိနိုင်သည့် ကျောင်းပတ်ဝန်း ကျင်တွင် ဖြည့်ထားပါ။ (ဥပမာ- ကျောင်းအိမ်သာ တစ်ဝိုက်၊ ကျောင်းသွားကျောင်းပြန်လမ်း) လိုအပ်သလို လုံခြုံရေးပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ပါ။ (ငြိမ်းချမ်းရေးအဖွဲ့များ အပါအဝင် ) လူထုနှင့် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါ။ လိုအပ်ခဲ့လျှင် ကျောင်းသွား/ပြန် အစောင့် ထားပေးပါ။
- အန္တရာယ်ကျရောက်လာလျှင် တုံ့ပြန်နိုင်ရန်အတွက် အရေးပေါ် လုံခြုံရေးလုပ်ထုံးများကို သုံးစွဲနိုင်ရန် ဆောင်ရွက်ပါ။ (ဥပမာ- လက်ကိုင်ဖုန်းအရေးပေါ်ခေါ်အဖော်ထားသည့်စနစ်၊ အမြဲအဆင်သင့်ရှိနေသူ (stand-by)

**၄။ ပညာသင်ကြားသည့် နေရာများတွင် GBV အန္တရာယ်လျော့ချရန် ပညာရေးဝန်ထမ်းများအား စဉ်ဆက်မပြတ်ထောက်ပံ့ပေးခြင်းနှင့် သင်တန်းပေးခြင်းဖြင့် စွမ်းဆောင်ရည် မြှင့်တင်ပေးပါ။**

- ဒေသတွင်းအလေ့အကျင့်များ အပေါ်အခြေခံပြီး ကျားမရေးရာနှင့် ဓလေ့ထုံးတမ်း အကဲဆပ်သည့် ဘာသာစကားနှင့် နည်းလမ်းများ အသုံးပြု၍ မူလတန်း ၊ အလယ်တန်းပညာရေးဝန်ထမ်းအားလုံး ( အုပ်ချုပ်ရေး၊ လုံခြုံရေးစသည်တို့ အပါအဝင်) ကို ကျားမရေးရာ၊ GBV ၊ အမျိုးသမီးအခွင့်အရေး/ လူ့အခွင့်အရေးများ၊ လူမှုဝန်းကျင်ကဖယ်ထားခြင်းနှင့် လိင်မှုဆိုင်ရာအကြောင်းများ သင်တန်းပို့ချပေးပါ။ ဆရာမများကို ကျား-မရေးရာ အကဲဆပ်မှုရှိသည့် သင်ကြားရေးမဟာဗျူဟာကို သင်တန်းပေးပြီး ရေရှည် တည်တံ့မှု ရှိစေရန်အလို့ငှာ အနာဂတ်မှာ ဆရာဖြစ်လာမည့် ဆရာ/မအဖွဲ့တစ်ဖွဲ့ကို ထောက်ပံ့မှုပေးပါ။ ပညာသင်ကြားရေးဝန်းကျင်တွင် GBV ကို လျစ်လျူရှုသည့် ဝန်ထမ်းများ၏ ဓလေ့ကြောင့်ဖြစ်သော

စိတ်နေသဘောထားနှင့် အပြုအမူကို သတ်မှတ်ဖော်ထုတ်ပါ။

- ကလေးသူငယ်များနှင့် လူငယ်များအပေါ် အကြမ်းဖမ်းမှုကို ကာကွယ်တားဆီးခြင်းနှင့် ဆက်စပ်နေသည့် လိုက်နာရမည့် စံသတ်မှတ်ချက် စည်းမျဉ်းများအပေါ် ဆရာ/မ များနှင့် ပညာဝန်ထမ်းများ နားလည်မှုရှိခြင်းနှင့် လက်မှတ်ရေးထိုးရန် အသေအချာဆောင်ရွက်ပါ။ ထိုလိုက်နာရမည့် စံသတ်မှတ်ချက်များထဲတွင် ဆရာများက ကျူးလွန်သည့် ကျောင်းသားများအပေါ် လိင်မှုဆိုင်ရာစော်ကားခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့နှင့် ဆက်စပ်နေသည့် တိကျသော ပြဌာန်းချက်များရှိစေရန် သေချာဆောင်ရွက်ပါ။
- GBV ပြဿနာကို ကိုယ်တိုင်နှင့် ၎င်းတို့၏ ကျောင်းသူကျောင်းသားများ ကြုံတွေ့ဖြေရှင်းနေရသည့် ဆရာ/မ များကို အထောက်အပံ့ပေးရန်အတွက် လက်ရှိစိတ်ကျန်းမာရေးနှင့် စိတ်ဓါတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေး ပေးသည့်အစီအစဉ်များနှင့် ချိတ်ဆက်ပေးပါ။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဆရာနှင့် ကျောင်းသား နှစ်ယောက် လုံးအတွက် GBV အန္တရာယ်မြင့်မားလာစေသည့် အနုတ်သဘော သို့မဟုတ် အပျက်သဘောဆောင်သည့် စိတ်နေသဘောထားကို လျှော့ချရန် အကူအညီပေးနိုင်သည်။
- ဆရာများနှင့် အမျိုးသားကျန်းမာရေး ဝန်ထမ်းများအား အကြမ်းဖက်မှုကင်းသည့် ဝန်းကျင်ဖန်တီးခြင်း၊ GBV ကို လျစ်လျူရှုသည့် ဖိဆန်ခြင်းနှင့်ဆက်စပ်သည့် ယုံကြည်ချက်များအား စိန်ခေါ်ခြင်း စသည့်အကြောင်းအရာများ ဆွေးနွေးမှုပြုလုပ်ရာတွင် ပါဝင်စေပြီး ကျောင်းသူ/သားနှင့် ဆရာ/မ အားလုံးအတွက် ဘေးကင်းလုံခြုံပြီး ငြိမ်းချမ်းမှုကင်းသည့် ဝန်းကျင်တစ်ခုဖန်းတီးရာတွင် ၎င်းတို့၏ အခန်းကဏ္ဍကို သတ်မှတ်စေပါ။
- ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု လျှော့ချစေရန် ကျောင်းတွင် ကြီးမားသောကြိုးပမ်းမှုများကို GBV လျှော့ချရန် ကြိုးပမ်းဆောင်ရွက်နေသူများနှင့် ချိတ်ဆက်ပါ။

## အောင်မြင်ရန် အလားအလာရှိသော အလေ့အကျင့်များ

တောင်အာဖရိကရှိ စီမံချက် နှစ်ခုက ဆရာ/မများ မည်ကဲ့သို့ ကွဲပြားမှုများကို ဆောင်ရွက်နိုင်သည့်ကို အာရုံစိုက်ဆောင်ရွက်ခဲ့သည်။ Western Cape မှာရှိသော ပြည်သူ့ကျန်းမာရေးဆိုင်ရာကျောင်းရှိ သင်တန်းစီမံချက်၏ အစိတ်အပိုင်းဖြစ်သည့် မူလတန်းဆရာ/မ များအား ၎င်းတို့ ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုအပေါ် ထားရှိသည့် စိတ်နေသဘောထားကို အကဲဖြတ်သုံးသပ်စေပြီး ၎င်းတို့၏ စကားလုံးနှင့် အပြုအမူမှတစ်ဆင့် သွယ်ဝိုက်သောနည်းလမ်းဖြင့် ပြန်လည်သုံးသပ်စေသည်။ ကျောင်းတွင်းရှိ ကျားမရေးရာ အခြေပြုအကြမ်းဖက်မှု များ၏ မတူကွဲပြားမှုများကို နားလည်ခြင်းသည် ၎င်းတို့၏ နေစဉ်ဘဝတွင်ရှိသော ပြဿနာများကို လျော့ကျ စေနိုင်သည်။အာဖရိကတောင်ပိုင်းရှိ ကျောင်းများတွင် ကျားမရေးရာ အခြေပြုအကြမ်းဖက်မှု သတ်မှတ်ဖော်ထုတ်သည့် " ကျွန်ုပ်တို့၏ မျက်လုံးများကို ဖွင့်ထားသည်" အမည်ရှိ သင်တန်းလက်စွဲစာအုပ်သည် ဆရာ/မ များနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ကျွမ်းကျင်မှု ရှိသော ဖွံ့ဖြိုးရေးအတွက် ကိရိယာဖြစ်သည့်အပြင် ကျောင်းတစ်ခုလုံး ချဉ်းကပ်နည်းလမ်းနှင့် ပေါ်လစီများရေးဆွဲနိုင်ရန် စမှတ်တစ်ခု ဖြစ်ပေသည်။ လက်စွဲစာအုပ်သည် GBV နှင့် HIV အကြား အရေးကြီးသည့် ချိတ်ဆက်မှုတစ်ခုကို ဖန်တီးပေးသည့်အပြင် ဘေးကင်း လုံခြုံမှုရှိသော ကျောင်းများ ဖန်တီးနိုင်ရန်အလို့ငှာ ခိုင်မာသည့် နည်းဗျူဟာကို ထောက်ပံ့ပေးပါသည်။

(Excerpted from **Ward, J. 2007.** From Invisible to Indivisible:Promoting and protecting the right of the girl child to be free from violence. UNICEF, <https://www.unicef.at/fileadmin/media/Infos_und_Medien/Info-Material/Maedchen_und_Frauen/From_Invisible_To_Indivisible_-_Rights_of_Girl_Child.pdf>.For more information, see **Department of Education, Republic ofSouth Africa. 2011.** Opening Our Eyes: Addressing gender-basedviolence in South African schools. Canada–South Africa EducationManagement Programme, <www.unicef.org/southafrica/SAF_request_openingoureyes.pdf>)

## အောင်မြင်ရန် အလားအလာကောင်းသော အလေ့အကျင့်

IRC မှ(ကလေးသူငယ်များ)ပဋိပက္ခနှင့် တွေ့ကြုံရသော(ကလေးများ လူငယ်များ)ကို ခံနိုင်ရည်ရှိအောင် ထိခိုက်မှုများပျောက်ကင်းအောင် သင်ကြားပေးသည်။ပညာရေး စီမံချက်သည် လုံခြုံမှုရှိပြီ စော်ကားမှု၊ခေါင်းပုံဖြတ်မှုကင်းခြင်း၊စောင့်ရှောက်မှု"စံပြ"အဖြစ် သင်ကြားရေး ပတ်ဝန်းကျင်၊ အသက်/ဖွံ့ဖြိုးမှုအရ ဆီလျော်သော လူမှုရေးစိတ်ခံစားမှုဆိုင်ရာ သင်ကြားရေးတို့တွင် အရည်အသွေးပြည့်ဝသည့် ပညာရေးကို ပဋိပက္ခကြောင့် ထိခိုက်ရသည့် နိုင်ငံများတွင် သင်တန်းပေးကြ သည်။"ကုသမှုပါသောအတန်းများ" ချဉ်းကပ်နည်းကို IRC၏နှစ်(၃၀) ပဋိပက္ခဖြစ်သော နေရာများတွင် လုပ်ဆောင်ခဲ့သော အတွေ့အကြုံကို အခြေခံခြင်း အာဖဂန်နစ်စတန်၊ အီသီယိုးပီးယား တွင် (၄)နှစ် လုပ်ဆောင်ခဲ့သော သုတေသနကို အခြေခံသည်။ချဉ်းကပ်နည်းတွင် ဆရာများက ကုသနိုင်မှုနှင့် ထိန်းသိမ်းထားနိုင်မှုဖြင့် ကလေးများပြန်လည်ကောင်းမွန် ကြီးထွား ဖွံ့ဖြိုးလာမှုကို အာရုံစိုက်သည်။

ရောဂါပျောက်ကင်းအောင်ကုသသော အတန်းများက ကျောင်းများမှဆရာများက စိတ်ဓါတ်ရေးရာပြန်လည် ကောင်းမွန်ရေးမြှင့်ခြင်း၊ ချမ်းမြေ့သာယာ မှုနှင့် လူမှုရေးစိတ်ခံစားမှုဆိုင်ရာကို ကလေးများ လူငယ် လူရွယ်များ အတွက် မြှင့်တင်ပေးသည်။ရောဂါပျောက်ကင်းခြင်းကို သတိပြုမိသည်မှာ စာသင်ခန်းမှ ဆရာများ ဒုက္ခကြုံတွေ့စဉ်၊ ကြုံတွေ့ပြီးနောက် ကလေးများအား အပြုသဘောဆောင်သော အထောက်အပံ့များနှင့် သင်တန်းကို ၄င်းတို့ အတွေ့အကြုံများနှင့် ဦးစားနားလည်သင်တန်းပေးခဲ့သည်။ Congoနိုင်ငံ တွင် IRC က အဓိကလုပ်ဆောင်မှု(၃) ခုဖန်တီး၍ သင်ကြားမှု အရည်အသွေးမြှင့်တင်ပေးခဲ့သည်။

- သင်ရိုးညွှန်းတမ်းကို စာနာနားလည်စေသော နည်းဖြင့် ချဉ်းကပ်ခဲ့သည်
- ကျောင်းအခြေပြုစနစ်၊အလုပ်ခွင်တွင် ဆရာများကို သင်တန်းပေးခြင်း၊လေ့ကျင့်ပေးခြင်းနှင့်
- ကျောင်း၏စီမံခန့်ခွဲရေးကော်မကီနှင့် မိဘ-ဆရာအသင်းများကို ကူညီပံ့ပိုးခြင်းမှ လူထုပါဝင်မှု ပိုလာပြီး၊ ပညာရေးတွင် အကြမ်းဖက်မှု လျော့စေသည်။

(Adapted from **Fancy, K., and McAslan Fraser, E. 2014.** 'DFID Guidance Note on Addressing Violence against Women and Girls (VAWG) in Education Programmes', p. 13, <https://www.gov.uk/government/publications/violence-against-women-and-girlsaddressing-violence-against-women-and-girls-in-education-programming>)

**GBV အထူးပြုသူများနှင့် တိုင်ပင်ပြီး အန္တရာယ်မှ လွတ်မြောက်လာသူများအား လုံခြုံမှု၊ လျှို့ဝှက်ထိန်းသိမ်းမှုနှင့် ဆီလျော်သော စောင့်ရှောက်မှုစနစ် (ဆိုလိုသည်မှာ လွှဲပြောင်းလမ်းကြောင်း)ကို သတ်မှတ်ဖော်ထုတ်ပေးပြီး ပညာရေး ဝန်ထမ်းများအား အခြေခံစွမ်းရည်သင်တန်း ပို့ချပေးကာ ၄င်းတို့အနေဖြင့် အန္တရာယ်မှ လွတ်မြောက်လာသူအား အထောက်အပံ့ရနိုင်မည့်နေရာနှင့်ဆိုင်သော သတင်းအချက်အလက်များကို ပံ့ပိုးပေးပါ။**

- ပညာရေးဆိုင်ရာဝန်ထမ်းများအား လွတ်မြောက်လာသူများအတွက် ဝန်ဆောင်မှုကို လွှဲပြောင်းပေးမည့် နေရာပါသည့် သတင်းအချက်အလက်များကို ထောက်ပံ့ပေးပါ။ အန္တရာယ်လွတ်မြောက်လာသော ကလေးသူငယ်များ အနေဖြင့် ချဉ်းကပ်နိုင်မည့် အမျိုးသမီးဆရာမများကို ဦးတည်ပြီး အချက်အလက် များကိုထောက်ပံ့ပေးပါ။ စာသင်ကျောင်းတွင် ဆရာ/မနှင့် ကျောင်းသူ/သားများအတွက် အချက် အလက်တွေ အဆင်သင့်ရရှိနိုင်ရန် သေချာဆောင်ရွက်ရန်နှင့် လွှဲပြောင်းလမ်းကြောင်းနှင့် ဆိုင်သော သတင်းအချက်အလက်များ နောက်ဆုံးရသတင်းများ ဖြစ်စေရန် သေချာဆောင်ရွက်ပါ။
- မူလတန်း၊ အလယ်တန်းပညာရေးပုဂ္ဂိုလ်များအား အသွင်သဏ္ဍာန်များစွာ GBV ကို မည်သို့စီမံရမည်ကို သင်တန်းပေးပါ။ (နှုတ်ဖြင့်အနှောက်ယှက်ပေးမှု၊ အနိုင်ကျင့်မှု၊ လိင်ပြိုင်ဆိုင်ရာ စော်ကားမှု၊ ခေါင်းပုံဖြတ်မှု) အန္တရာယ်မှ လွတ်မြောက်လာသူများကိုလည်း၊မည်ကဲ့သို့ လေးလေးစားစားကူညီ သတင်းပေးရမည်၊ လုံခြုံမှုနှင့်လျှို့ဝှက်သည့် အမှုအယာဖြင့် ၄င်းတို့၏ သတင်းပေးပို့ရာတွင်အခွင့်

အရေးများအား ရွေးချယ် ရန် နည်းလမ်းများ၊အန္တရာယ်ကျရောက်ခြင်းအတွက် သတင်းပို့ခြင်းကို မည်သို့စောင့်ရှောက်မှု ယူရန် စသည်တို့ကို ပြောပြပေးပါ။

- ဖြစ်နိုင်မည်ဆိုလျှင်GBVအထူးပြုသူတစ်ဦးကို သင်ကြားရေးဌာနတွင် အန္တရာယ်မှလွတ်မြောက်လာသူများကို ချက်ချင်းအကူညီပေးခြင်း၊နောက်ဆက်တွဲစောင့်ရှောက်မှုပေးနိုင်ရန် ခန့်အပ်ထားပါ။

**၆။ အရေးပေါ်အခြေနေပြီးနောက် ပညာရေးဝန်ကြီးဌာန နှင့် အတူတကွ အလုပ်လုပ်ပြီး ကာလကြာမြင့်စွာ တည်ရှိနေသော ကျားမရေးရာ မညီမျှမှု စံသတ်မှတ်ချက်များပြောင်းလဲရန်နှင့် အမျိုးသမီးများ၊ မိန်းကလေးများ နှင့် အန္တရာယ်ရှိသော အုပ်စုများအပေါ် လေးစားမှုနှင့် အကြမ်းဖက်မှုကင်းသည့် ဓလေ့ကို မြင့်တင်အားပေးသည့် ကျောင်းသင်ရိုးညွှန်းတမ်းကို ရေးဆွဲ အကောင်ထည်ဖော်ပါ။**

အမျိုးသားနှင့် အမျိုးသမီး ၂ ဦးလုံးအတွက် မူလတန်းနှင့် အလယ်တန်းအဆင့် ပညာရေးစီမံချက်ထဲတွင် လိင်မှုဆိုင်ရာ ကျန်းမာရေးနှင့် GBV ပြဿနာများ အား အသက်အရွယ်၊ ကျားမနှင့် ဓလေ့အရဆီလျော်သည့် သင်ရိုးညွှန်းထဲတွင် ထည့်သွင်းပါ။ ဤသင်ရိုးညွှန်းတမ်းအား အခြေခံ သတင်းအချက်လက်များ ဖြစ်သည့် ခန္ဓာကိုယ် မည်သို့ အလုပ်လုပ်သည်၊ ခန္ဓာဗေဒအရ ပြောင်းလဲမှုများ၊ လိင်မှုဆိုင်ရာ၊ ဓမ္မတာလာခြင်းအား စီမံခြင်း၊ ကျားမ ရေးရာတန်းတူညီမျှမှု၊ ဆက်ဆံရေး စွမ်းရည်နှင့် ကျန်းမာရေးဆက်သွယ်ရေး၊ လိင်မှုတစ်ဆင့်ကူးစက်ရောဂါ ဖြစ်သည့် HIV၊ ဘေးကင်းသော လိင်မှု၊ မိသားစုအစီအစဉ်၊ GBV အသွင်အမျိုးမျိုးကို ဖြစ်စေသည့် အကြောင်းတရားများ၊ လိင်မှုစော်ကားမှု၊ ချိန်းတွေ့ခြင်းမှ အကြမ်းဖက်မှု၊ အတင်းအဓမ္မလက်ထပ် စေခြင်း၊ ရင်းနှီးအဖော်၏ အကြမ်းဖက်မှုနှင့် အခြားအိမ်တွင်းအကြမ်းဖက်မှုများ စသည့် အခြေခံသတင်းအချက်လက်များ ပါဝင်ဆောင် သေချာဆောင်ရွက်ပါ။

- သက်တူရွယ်တူအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရန် ပဋိပက္ခဖြေရှင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်သည့် ပညာရေးလုပ်ငန်းစဉ်များကို အားပေး သည့် သင်ရိုးညွှန်းတမ်းကို ထပ်မံတိုးချဲ့ပါ။ ( ဥပမာ- ပဋိပက္ခဖြေရှင်းခြင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး၊ ငြိမ်းချမ်းရေး ပညာပေး၊ မတူကွဲပြားမှု သင်တန်းများ၊ လေးစားမှုနှင့် သည်းခံမှု၊ အကြမ်းဖက်မှုကင်းသော ဖိုဆန်မှု စသည်)။ မိန်းကလေးများ နှင့် ယောက်ျားလေး များအား - အတူတကွနှင့် ခွဲခြားထားခြင်း- ဆွေးနွေးပွဲလုပ်ပေးခြင်းဖြင့် ကျားမ ရေးရာနှင့် အကြမ်းဖက်မှုစသည့် အချက်များအပေါ် ယုံကြည်မှုများကို ဖော်ထုတ်ရန်ဖြစ်သည်။ ဖြစ်နိုင်ပါက လူငယ်များအတွက် လိင်မှုရေးရာနှင့် ရင်းနှီးဆက်ဆံရေးအတွက် အသက်အရွယ်၊ ကျားမနှင့် ဓလေ့အရ ဆီလျော်သောအကြောင်းအရာကို ဆွေးနွေးပေးပါ။
- ဦးတည်အကောင်ထည်ဖော် ဆောင်ရွက်နေသည့် စီမံချက်များမှ အမျိုးသမီးများ၊မိန်းကလေး ငယ်နှင့် အန္တရာယ်ရှိသော အုပ်စု၏ စွမ်းဆောင် ရည်မြှင့်တင်ပါ။(ဥပမာ-ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးသင်တန်း၊ ဘဝရှင်သန်မှု ကျွမ်းကျင်သင်တန်း၊ အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့် အလုပ်အကိုင်ရရှိရေးအတွက် ချိတ်ဆက်ပေးခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့် စီမံချက်၊ အားကစားအတွက် အခွင့်အလမ်း၊ အနုပညာနှင့် အခြားအပန်းဖြေ ပျော်စရာအစီအစဉ်များ၊ အထူးသဖြင့် ဆယ်ကျော်သက် မိန်းကလေးများ၊ ကျွမ်းကျင်မှုဝေမျှခြင်း တွေ့ဆုံမှုများမှ လူမှုအသိုင်းအဝိုင်းထူထောင်ရန်။) လူထုအတွက်ကျောင်းအခြေပြု(သို့မဟုတ်) ကျောင်းထွက်ပြီး လူငယ်အားဦးတည်သည့် ပုံစံ (Model) နစ်ခုတွင် ရပ်ရွာနှင့် သင့်တော်မည့် ပုံစံကို စဉ်းစားပါ။

**အရေးတကြီးသိရှိရန် လိုအပ်သော အချက်များ**
**လွှဲပြောင်းလမ်းကြောင်း**

"လွှဲပြောင်းလမ်းကြောင်း" သည့် အလျော့အတင်းရှိသော နည်းလမ်းတစ်ခုဖြစ်ပြီး အန္တရာယ်မှ လွတ်မြောက်လာသူအား အထောက်အပံ့ ဖြစ်စေပြီး အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများဖြစ်သည့် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှု နှစ်သိမ့် ဆွေးနွေးမှု၊ ရဲအကူအညီနှင့် ဥပဒေဘောင်အတွင်း တရာမျှတသော အထောက်အပံ့ စသည်တို့နှင့် ဘေးကင်းလုံခြုံစွာ ချိတ်ဆက်ပေးခြင်း ဖြစ်သည်။

## ပညာရေးပေါ်လစီတွင် GBV တားဆီးကာကွယ်ခြင်းနှင့် တုံ့ပြန်လုပ်ဆောင်ခြင်းကို ထည့်သွင်းပေါင်းစပ်ပါ

**၁။ ပညာရေးစီမံချက်၏ လမ်းညွှန်များ ပေါ်လစီများနှင့် စံသတ်မှတ်ချက်များတွင်  GBV ကာကွယ်ခြင်းနှင့် တုန့်ပြန်ခြင်း မဟာဗျူဟာများကို ထည့်သွင်းပါ။**

- (၁) GBV အန္တရာယ်လျော့ချခြင်း၊ (၂) အမျိုးသမီးများ၊ မိန်းကလေးများနှင့် အန္တရာယ်ရှိ အုပ်စုများ၏ ပူးပေါင်းပါဝင်မှုကို ကျောင်းသားများ ပညာရေးဝန်ထမ်းနှင့် ခေါင်းဆောင်များ အနေဖြင့် လူထုအခြေပြု ပညာရေးလုပ်ငန်းများသကဲ့သို့ အားပေးသည့် စီမံချက်ပေါ်လစီများ အကောင်ထည်ဖော်ရန် သတ်မှတ်ဆောင်ရွက်ပါ။
  - ပညာရေးဝန်ထမ်းအတွက် ကလေးစောင့်ရှောက်ရေးနှင့်ဆိုင်သော ပေါ်လစီ
  - အမျိုးသမီးများတန်းတူအလုပ်ရရှိရေး စံသတ်မှတ်ချက်
  - ပညာရေးဝန်ထမ်းများ၊အလုပ်ချိန်တွင်း GBV နှင့် လိင်မှုရေးရာ/မျိုးဆက်ပွား ကျန်းမာရေးသင်တန်းပေးမည့် ပေါ်လစီ
  - ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကျောင်းတတ်ခွင့်ပေါ်လစီ
- အကယ်၍မရှိခဲ့လျှင် GBV ၊ လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် စော်ကာခြင်းကင်းသည့် အကာကွယ်ပေးသော ဝန်းကျင်တစ်ခု ထိန်းသိမ်းမည့် ကတိကဝတ်ပါသည့် ဆရာ/မ များနှင့် ပညာရေး ဝန်ထမ်းများအတွက် မဖြစ်မနေလိုက်နာရမည့် လုပ်ထုံးနည်းများ (CoC)ကို အကောင်ထည်ဖော်ရန် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနအား လုပ်ဆောင်စေပါ။
  GBV နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် စော်ကားမှုကင်းရန်
  - CoC ဒီဇိုင်းရေးဆွဲရာတွင်  (ဆရာ၊ဆရာမများ၊ကျောင်းသားမိဘများ၊ ကျောင်းသားများ၊လူထုအဖွဲ့ ဝင်များနှင့် သင့်တော်သော အစိုးရတာဝန်ရှိသူ) အကြံဉာဏ်နှင့် ပုံမှန်ဆွေးနွေးလုပ်ဆောင်သည့် ပူးပေါင်းပါဝင်မှု နည်းလမ်းကို အသုံးပြုပါ။
  - လိင်ပိုင်ဆိုင်ရာ အမြတ်ထုတ်ခြင်း၊အနိုင်ကျင့်ခြင်းနှင့် စံသတ်မှတ်ချက်များ ချိုးဖောက်မှုအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်ရန်၊ မှတ်တမ်းတင်ရန်၊ စုံစမ်းရန်နှင့် သတင်းပို့ရန်အတွက် လျှို့ဝှက်စွာ တိုင်ကြားချက်၊အစီရင်ခံရန် နည်းလမ်းများကို အသက်ဝင်အောင် လုပ်ဆောင်ပါ။ အရေးမှုမရှိသော ကိစ္စများကိုင်တွယ်ရန် မဟာဗျူဟာ ရေးဆွဲပါ။

### သင်ခန်းစာ ရရှိမှု

၂၀၀၉ခုနှစ်တွင် Sierra Leone နိုင်ငံ၏ ပညာရေးဝန်ကြီးဌာနမှ UNFPA နှင့် UNICEF ၏ အထောက်အပံ့ဖြင့် ဆရာ/မများအတွက် အမျိုးသားအဆင့် အတတ်ပညာဆိုင်ရာ လိုက်နာရမည့် စံသတ်မှတ်ချက်တစ်ခုကို စတင်ဆောင်ရွက် လုပ်ဆောင်ခဲ့သည်။ အလွှာပေါင်းစုံ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုကို Sierra Leone အနှံ့ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေး၏ နောက်ဆုံးအဆိုတင်မှုကို သတင်ပေးရန်ဖြစ်သည်။ သင်တန်းလက်စွဲစာအုပ်ကို UNICEF မှ ရေးသား ပြုစုပြီး လိုက်နာရမည့် စံသတ်မှတ်ချက်ကို အကောင်ထည်ဖော်မည့်နည်းလမ်းများနှင့် ဆိုင်သည့် ၃ ရက်သာ အလုပ်ရုံဆွေးနွေး ပွဲကို ကျောင်းတိုင်းရရှိနိုင်အောင် ဆောင်ရွက်ခဲ့ပြီး စာသင်ခန်းနှင့် အပြုသဘောဆောင်သည့် အပြုအမူဆိုင်ရာ စီမံခန့်ခွဲမှု၊ သင်ကြားမှုအတတ်ပညာအပေါ် ထားရှိသည့် ကတိကဝတ်/ စိတ်နေသဘောထား၊ လူ့အခွင့်အရေးနှင့် ကလေးသူငယ်များ အခွင့်အရေး၊ ကလေးများအပေါ် ခေါင်းပုံဖြတ်မှုနှင့် နှိပ်စက်ညှဥ်းပန်းမှု၊ အုပ်ချုပ်မှု၊ တာဝန်ယူမှု၊ အဂတိလိုက်စားမှုနှင့် မှတ်တမ်းရေးမှတ်ခြင်းစသည့် အကြောင်းအရာများပါဝင်သည်။ အဓိက သင်ခန်းစာရရှိမှုများ အနေဖြင့် အောက်တွင်ဖော်ပြထားပါသည်။

- လိုက်နာရမည့် စည်းမျဉ်းများ ရေးဆွဲရာတွင် ပညာရေးဝန်ကြီးဌာနနှင့် ကျောင်းဆရာ၊ဆရာမ သမဂ္ဂတို့၏ အနီးကပ်ပူးပေါင်းမှု၏ အရေးပါမှု
- နိုင်ငံတော်အဆင့်နှင့် ဒေသတွင်းအဆင့်တွင် လိုက်နာရမည့် စံသတ်မှတ်ချက်များ အကောင်ထည်ဖော်ခြင်းနှင့် အားပေးခြင်းအတွက် ကျောင်းဆရာ၊ဆရာမ သမဂ္ဂ၏ အဓိက အခန်းကဏ္ဍ
- တိုင်တန်းမှုများနှင့် စော်ကားမှုဖြစ်ရပ်များကို မှတ်တမ်းတင်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရန် တပြိုင်နက် လုပ်ဆောင်ခြင်း စနစ်များထားရှိခြင်း၏ အရေးပါမှု
- လိင်ပိုင်းဆိုင်ရာစော်ကားခံမှုနှင့် ဆင်းရဲမွဲတေမှု အကြားချိတ်ဆက်မှုများကို အသိမှတ်ပြုပါ။ သို့မှသာ စံသတ်မှတ်ချက် နှင့် ပြည့်မှီသော ဆရာ/ဆရာမများကို လုပ်ခလစာနှင့် လုပ်ငန်းခွင် ပိုမိုတိုးတက်လာမည် ဖြစ်သည်။

(Adapted from **Fancy, K., and McAslan Fraser, E., 2014.** 'DFID Guidance Note on Addressing Violence against Women and Girls (VAWG) in Education Programmes', p. 13, <https://www.gov.uk/government/publications/violence-against-women-and-girlsaddressing-violence-against-women-and-girls-in-education-programming>)

- အစိုးရကျောင်းအုပ်ချုပ်ရေး၊ကျောင်းစီမံခန့်ခွဲရေး၊မိဘဆရာအသင်း၊ ဆရာများနှင့် ကျောင်းသားများ GBV နှင့် ဆိုင်သော ကျောင်းအခြေပြုလုပ်ငန်းစီမံချက်ကို အတူတကွလက်တွဲပြီး ရေးဆွဲနိုင်ရန် ထောက်ပံ့ပေးပါ။ သီးခြားကျောင်းများ၏ အနေအထားအရ တည်ရှိနိုင်သည့် ဘေးအန္တရာယ်ကို သတ်မှတ်ဖော်ထုတ်သည့် နည်းဗျူဟာများရေးဆွဲပါ။(ဥပမာ- ကျားမရေးရာ ညီမျှသော လူထုလုံခြုံရေးကော်မတီ၊ကျောင်း သို့ အစောင့်အရှောက်များ ထားရှိရန် စီစဉ်ခြင်း၊ လူထုအခြေပြု လုံခြုံရေး အစောင့်အရှောက်များ....
- အန္တရာယ်မှ လွတ်မြောက်လာသူများကို ဗဟိုပြု၍ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိသော GBV အစီရင်ခံနည်းစနစ်များ၊ စောင့်ရှောက်မှုစနစ်များပါဝင်ရေးဆွဲအကောင်ထည်ဖော်ပါရန် လုပ်ဆောင်ပါ။ ဆိုလိုသည်မှာ(လွှဲပြောင်းလမ်းကြောင်း) (သင်ကြားရေးပတ်ဝန်းကျင်တွင် လိင်မှုဆိုင်ရာ အမြတ်ထုတ်ခြင်း၊ စော်ကားခြင်း စသည့်တို့ ပါဝင်သည်။
- ဤပေါ်လစီများ၊ စံသတ်မှတ်ချက်များ၊ လမ်းညွှန်းများကို ပညာရေးဝန်ထမ်းများကြား၊ကျယ်ကျယ် ပြန့်ပြန့်ရောက်ရှိရန် ဖြန့်ဝေပါက ဒေသအလိုက်ဘာသာစကားများဖြင့် စီစဉ်နိုင်လျှင် ဖြန့်ဝေပါ။ မျက်မမြင်၊ဆွံ့အနားမကြားသူများအတွက် နှင့် စာမတတ်သူများအတွက် သက်ဆိုင်ရာ ရုပ်ပုံကာချပ်များ အသံဖိုင်များ အသုံးပြုပါ။ လူထုအစည်းအဝေးများတွင်လည်း ကြေငြာပါ။

**၂။ GBV အန္တရာယ်လျော့ချရေး မဟာဗျူဟာများကို နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဆင့်ပညာရေးဥပဒေနှင့် ပေါ်လစီများတွင် ထည့်သွင်း ပေါင်းစပ်ခြင်းရန် ရေရှည်တည်တံ့ရန် ရန်ပုံငွေချထားမှုအတွက် ရှင်းလင်းတင်ပြပါ။**

- ► အစိုးရ၊ ရိုးရာဓလေ့ခေါင်းဆောင်များနှင့် အခြားပါဝင်ပတ်သက်သူများအား ပညာရေးလက်လှမ်း မမှီသော မိန်းကလေးများ နှင့် အန္တရာယ်ရှိသော အုပ်စုများကို လုံခြုံစိတ်ချရသော၊ပညာသင်ကြားခွင့်ရရှိရေးအပေါ် အဟန့်အတားဖြစ်စေသည့် ခွဲခြားဆက်ဆံသည့် အလေ့အထများကို သတ်မှတ် ဖော်ထုတ်ပေးရန် ဥပဒေနှင့် ပေါ်လစီများကို ပြန်လည်း သုံးသပ်ပြင်ဆင်ရန် အစိုးရ၊ ရိုးရာဓလေ့ခေါင်းဆောင်များနှင့် အခြားပါဝင်ပတ်သက်သူများအား ဥပဒေများ (ထုံးတမ်းစလေ့ ဥပဒေ အပါအဝင်) ထောက်ပံ့ပေးပါ။ ဥပမာ.
  - မူလတန်းနှင့်အလယ်တန်း အခမဲ့ပညာသင်ကြားခြင်းနှင့် ကျောင်းများတွင် အစားအသောက် ကျွေးမွေးခြင်း ကဲ့သို့သော ကျောင်းနှင့်ဆက်စပ်သည့်အသုံးစရိတ်များ လျော့ချပေးသည့် ပေါ်လစီများကို မြှင့်တင်ရန်
  - ဒုက္ခသည်/ ဒေသတွင်းပြောင်းရွှေ့ခံရသူများ၏ကျောင်းများကို အစိုးရကျောင်းများအဖြစ် အသိအမှတ်ပြုရန်နှင့် အလားတူ ဝန်ဆောင်များ၊ခံစားပိုင်ခွင့်ရရှိရေး တင်ပြဆွေးနွေးရန်။
  - အရေးပေါ်အခြေနေ၏ အစောပိုင်းကာလတွင်းရှိ လိင်မှုဆိုင်ရာ၊လူမှုရေးရာဘေးဖယ်ထားမှု၊ အမျိုးသမီးအခွင့်အရေး၊ ကျားမရေးရာ စသည့် အကြောင်းအရာများကို သင်တန်း ပို့ချထားသည့် ဆရာ/ဆရာမ များအား အရေးပေါ်တုန့်ပြန်မှုအနေဖြင့် ခန့်အပ်ရန် မူဒါဒကြမ်း
  - မူလတန်းနှင့် အလယ်တန်းပြီးမြောက်နိုင်ရန် မိန်းကလေးများ၏ အခွင့်အရေးကို ကာကွယ်ပေးသည့် ဥပဒေပေါ်လစီများ သေချာမှုရှိစေရန်
- ► ကျောင်းသူ/ကျောင်းသားများနှင့် ပညာရေးဝန်ထမ်းများအတွက် GBV နှင့်ဆက်စပ်သည့် ဘေးကင်းလုံခြုံမှုတိုင်းတာခြင်းအတွက် ပေါ်လစီနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရန် သေချာဆောင်ရွက်ပါ။ (ဥပမာ- နိုင်ငံတော် စည်းမျဉ်းဥပဒေ လုပ်ငန်းစဉ်များတွင် ကျောင်းတွင်း အကြမ်းဖက်မှုကို ပိတ်ပင်ခြင်းနှင့် ဒဏ်ပေးခြင်းတို့ ပါရှိစေရန်)
- ► ဆီလျော်သောဝန်ကြီးဌာနများ ကိုGBVနှင့်ဆက်စပ်သောပေါ်လစီများ၊ စီမံကိန်းများ အကောင် ထည်ဖော်ရေးဆွဲရာတွင်ပံ့ပိုးပေးပါ။လူထု၏ အထောက်အပံ့များအား အားပေးရန်နှင့် နောက်ဆက်တွဲဆိုးကျိုးများ လျော့စေရန်၊ အသိပညာပေးလှုပ်ရှားမှုများ လုပ်ဆောင်၍ ပေါ်လစီများက လူထုအတွက် မည်သို့ အကျိုးပြုကြောင်း သိရှိရန် စုပေါင်းလှုပ်ရှားမှုလုပ်ရန်

**အောင်မြင်ရန် အလားအလာကောင်းသည့် အလေ့အကျင့်**

နီပေါနိုင်ငံ-ပဋိပက္ခပြီးနောက် ပညာရေးမဟာဗျူဟာတွင် မိန်းကလေးများ နိမ့်ကသော လူတန်းစား၊ဒေသတွင်း လူမျိုးစု၊ မသန်စွမ်းကလေးများနှင့် ပညာရေးအတွက် ထောက်ပံ့ကြေး ပေးခြင်းဖြင့် မိဘများအား ကလေးကျောင်းတက်ရန် မက်လုံးပေး ဆွဲဆောင်မှုများ စီစဉ်ရန် ဖြစ်သည်။

(Excerpted from **Holmes, R. 2010.** ‘The Role of SocialProtection Programmes in Supporting Education inConflict-Affected Situations’. United Nations Educational,Scientific and Cultural Organization, <http://unesdoc.unesco.org/images/0019/001913/191354e.pdf>)

## ပညာရေးနှင့်ဆက်စပ်သည့် ဆက်သွယ်ခြင်းနှင့် သတင်းမျှဝေခြင်းတွင် GBV တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်မှုကို တပေါင်းတည်းထားရန်

**၁။ ပညာရေးစီမံချက်က ပညာရေးဌာနအတွင်း (သို့) ကျယ်ပြန့်သော လူသားချင်းစာနာ ထောက်ထား သော အဖွဲ့များသို့ GBV သတင်းပို့တိုင်တန်းမှု နှင့်ဆိုင်သော သတင်း အချက်အလက်များ ဝေမျှရာတွင် လုံခြုံမှုနှင့် ကျင့်ဝတ် စံသတ်မှတ်ချက်နှင့် အညီဆောင်ရွက်ရန် သေချာလုပ်ဆောင်ပါ။**

- လွှတ်မြောက်လာသူများ၊ ၎င်းတို့မိသားစုနှင့် လူထုအား လုံခြုံမှုအန္တရာယ်မဖြစ်စေခြင်း သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ခြင်းမရှိသည့် ဌာနချင်းနှင့် ဌာနအတွင်း သတင်းဝေးမျှသည့် စံသတ်မှတ်ချက်များကို ရေးဆွဲပါ။ အပြည်ပြည်ဆိုင်ရာ ကျားမအခြေပြု အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း စနစ် (GBVIMS) အသုံးပြုမှုကို စဉ်းစားသုံးသပ်ပြီး လက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်နှင့် (GBVIMS) ၏ ချိတ်ဆက်မှုကို ရှာဖွေဖော်ထုတ်ပါ။

**၂။ GBV သတင်းအချက်အလက်များကို ပညာရေးနှင့် ဆက်စပ်သော လူထုသို့ကွင်းဆင်း လုပ်ငန်းများနှင့် အသိပညာ အမြင်ဖွင့်လုပ်ငန်းများတွင် ထည့်သွင်းပါ။**

- GBV အထူးပြုများနှင့် အလုပ်လုပ်၍ GBV အကြောင်း ပညာရေးကွင်းဆင်းလုပ်ငန်းများတွင် ပေါင်းထည့်ပါ။ (ဥပမာ- လူထုနှင့် စကားအခြေအတင်ဆွေးနွေးမှု၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လူထု ခေါင်းဆောင်များနှင့် အစည်းအဝေးများ ကျန်းမာရေးသတင်းပေး၊ မိဘဆရာအသင်းနှင့် တွေ့ဆုံခြင်းနှင့် မိဘအဖွဲ့များ စသည်အားဖြင့်)
- တားဆီးကာကွယ်မှုပေးသတင်း အချက် လက်များ၊လွှတ်မြောက်လာသူများ ၏ အခွင့်အရေးများ၊ရပ်ရွာ အဆင့်ဝန်ဆောင်မှု ပေးရာတွင် လျှို့ဝှက် ထိန်းသိမ်းထားမှုများ စသည့်အကြောင်းအရာများ ပါဝင်အောင် အမြင်ဖွင့်လုပ်ငန်း များအား သေချာဆောင်ရွက်ပါ။
- ပုံစံအမျိုးမျိုးနှင့် ဘာသာစကားမျိုးစုံသုံးပါ။ (ဥပမာ- မျက်မမြင်အတွက် Bralie၊ လက်ဟန်ခြေဟန်၊ ရိုးရှင်းသော သတင်းရုပ်ပုံကားချပ်များ စသည့်ဖြင့်)
- ရပ်ရွာလူထုနှင့်ပူးပေါင်းပြီး GBV အခြေခံထားသည့် ပညာရေးဆိုင်ရာ စီမံချက်များ၏အရေးပါမှုကို ဆွေးနွေးပါ။
- အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အမျိုးသားများ ယောကျာ်းလေးများ (လိုအပ်လျှင် သီးခြား) သတင်းစကားပြုစုခြင်းနှင့် ဖြန့်ဖြူးရာတွင် ပါဝင်စေခြင်းအားဖြင့် အသက် ၊ ကျားမရေးရာနှင့် ဓလေ့အရ ဆီလျော်မှုရှိအောင် ဆောင်ရွက်နိုင်သည်။
- ပညာရေးဝန်ထမ်းများအား GBV၊ အမျိုးသမီးအခွင့် အရေး/ လူ့အခွင့်အရေး၊ လူမှုဝန်းကျင်မှ ဘေးဖယ်ခံရခြင်း၊ လိင်မှုရေးရာ၊ စိတ်ဓါတ်ရေးရာရှေးဦး သူနာပြုစုမှု ( ဥပမာ- လွှတ်မြောက်လာသူများကို သတင်းပေးရာတွင် လုံခြုံမှုကျင့်ဝတ် အညီလျှို့ဝှက် ထိန်းသိမ်းမှု စသည်တို့ကို) အကြောင်းအရာများကို ကွင်းဆင်းလေ့လာရေးဝန်ထမ်းများအား ကြေကြေ ညက်ညက် သင်ပေးပါ။
- ရပ်ရွာထဲရှိ အမျိုးသားနှင့် ယောကျာ်းလေးများ အထူးသဖြင့် လူထုခေါင်းဆောင်များကို ပြောင်းလဲမှု အေဂျင်အနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ပညာရေးအတွက် အထောက်အပံ့ဖြစ်စေသည့် ဝန်းကျင်တစ်ခုတည်ဆောက်ရာတွင် ပါဝင်စေပါ။( ဥပမာ- အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်း၊ရပ်ရွာခေါင်းဆောင်နှင့် တွေ့ဆုံခြင်း၊ ကျားမရေးနှင့် အခွင့်အရေးဆိုင်ရာ ပြဿနာများအား ဆွေးနွေးခြင်း စသည်)

- အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် အခြားအန္တရာယ်ရှိအုပ်စုများအား ပညာရေး ကွင်းဆင်းလုပ်ငန်းများနှင့် ဆွေးနွေးဟောပြောပွဲ များတွင် ဘေးကင်းလုံခြုံစွာ ပူးပေါင်းပါဝင်မှုအတွက် ရင်ဆိုင်ကြုံတွေ့ရသည့် အဟန့်အတားများကို သတ်မှတ်ဖော်ထုတ်ပေးသည့် မဟာဗျူဟာများ ရေးဆွဲပါ။ (ဥပမာ- ပို့ဆောင်ဆက်သွယ်ရေး၊ နောက်ဆက်တွဲ အန္တရာယ်များ၊ ကလေးစောင့်ရှောက်မှု စသည့်) ဆွေးနွေးပွဲ စကားဝိုင်တွင် အသက်၊ ကျား၊မနှင့် ဓလေ့အရ အကဲဆပ်မှုဖြစ်စေရန် ရေးဆွဲထားသော မဟာဗျူဟာများကို ကောင်အထည်ဖော်ပါ။ (လျှို့ဝှက်ထိန်းသိမ်းမှု၊ အမျိုးသမီး မိန်းကလေးငယ်များဆွေးနွေးသော အဖွဲ့တွင် အမျိုးသမီးပံ့ပိုးပေးထားရှိခြင်း) သို့မှသာ တက်ရောက်သူ များအနေဖြင့် GBV နှင့် ဆိုင်သော ပြဿနာများကို တင်ပြဆွေးနွေးရန် လုံခြုံမှုကို ခံစားရမည်ဖြစ်သည်။

### အရေးတကြီးသိရန် လိုအပ်သောအချက်များ
### တိကျသော GBV သတင်းအချက်အလက်များ

လူထုကွင်းဆင်းလုပ်ငန်းများတွင် GBV နှင့်ဆက်စပ်နေသည့် သူများအပါအဝင် ထိခိုက်မှုခံစားနေရသော အုပ်စုအတွက် ဘေးကင်းလုံခြုံမှုကို တိုင်းတာခြင်းနှင့် ဘေးကင်းလုံခြုံမှု ကိစ္စရပ်များအကြောင်းဆွေးနွေးမှုများကို ထည့်သွင်းသင့်သည်။ **GBV သတင်းအချက်လက်အတွက်ဆောင်ရွက်ရာတွင် GBV အထူးပြုမဟုတ်သော သူများအနေဖြင့် GBV အထူးပြုများနှင့် ညှိနှိုင်းခြင်းအားဖြင့် ဆောင်ရွက်သင့်သည်။**

## လူသားချင်းစာနာ ထောက်ထားသော လုပ်ငန်းများကို ဆောင်ရွက်နေသည့် ကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် GBV ထည့်သွင်းစဉ်းစားရမည့် အဓိကအချက်များ

ညှိနှိုင်းခြင်းပထမအဆင့်အနေဖြင့် ပညာရေးစီမံချက်မှ GBV ညှိနှိုင်းသည့် နည်းစနစ်ကို ရှာဖွေ၍ GBV အထူးပြုသူ နိုင်ငံတွင်းရှိ/မရှိ ဖော်ထုတ်ပါ။ GBV အထူးပြုသူများကို စာရင်းပြုစု၍ ပညာရေးဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်သူများအတွက် အကူညီတောင်းရာတွင်

- GBV အန္တရာယ်နှင့်သက်ဆိုင်သည့် ပညာရေးစီမံချက်များအား ဆန်းစစ်ပေးသည့် ပညာရေးဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုကို ဒီဇိုင်းရေးဆွဲပြီး ဆောင်ရွက်ပါ။ ၎င်းအပြင် ပညာရေးလုက်ကိုင်ဆောင်ရွက်နေသူများနှင့် GBV အန္တရာယ်များကို လျော့ချနိုင်သည့် မဟာဗျူဟာများရေးဆွဲ လုပ်ဆောင်ပါ။
- ပညာရေးဝန်ထမ်း များ အား ကျား/မ ရေးရာအကြောင်း ၊ GBV အမျိုးမျိုး၊ လူ့အခွင့်အရေးများ၊ လွတ်မြောက်လာသူများနှင့် မည်သို့ လေးစားမှု ၊ ပံ့ပိုးမှု၊ စောင့်ရှောက်မှုပေးရန် စသည်တို့ကို သင်တန်းပေးပါ။
- GBV မှလွတ်မြောက်လာသူများက ပညာရေးဝန်ထမ်းကို ဖွင့်ဟဝန်ခံမည့် သူအတွက် စံသတ်မှတ်ချက်ပါဝင်သည့် လွဲပြောင်းလမ်းကြောင်း စနစ်ပြုစုပါ။ ပညာရေးဝန်ထမ်းများအား လုံခြုံမှု၊ ကျင့်ဝတ်နှင့်အညီ လျှို့ဝှက်ထိန်းသိမ်းသည့် လွဲပြောင်းပေးမှုမည်သို့ ဆောင်ရွက်ရမည်ကို စသည့် အခြေခံကျသည့် စွမ်းရည်နှင့် ဗဟုသုတတို့ကို သေချာဆောင်ရွက်ပေးပါ။
- ထိခိုက်မှုရှိသော လူထုကို ကျား/မ ရေးရာနှင့်ဆိုင်သော ပြဿနာများ၊ GBV နှင့် အမျိုးသမီး အခွင့်အရေး/ လူ့အခွင့်ရေးများအကြောင်း သင်တန်းပို့ချပေးခြင်းနှင့် အမြင်ဖွင့်ဟောပြောပွဲများ လုပ်ပေးပါ။ အဘယ်ကြောင့် ဆိုသော် ထိုအကြောင်းအရာများသည် ပညာရေးနှင့် ချိတ်ဆက်နေသော ကြောင့်ဖြစ်သည်။

ထို့ပြင် ပညာရေးစီမံကိန်းများက အခြားလူသားချင်းစာနာ ထောက်ထားသောလုပ်ငန်းများ ဆောင်ရွက်နေသည့်

အဖွဲ့များနှင့်  ချိတ်ဆက်ပေးခြင်းဖြင့် GBV အန္တရာယ် ပိုလျော့နိုင်မည်။ အခြားကဏ္ဍများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည့် အကြံပြုချက် ထောက်ခံချက်များကို အောက်တွင် ဖော်ပြထားပါသည်။(လူသားချင်းစာနာထောက်ထားမှုတုံ့ပြန်ခြင်းအရ စည်းရုံးလှုံ့ဆော်သည့် ကဏ္ဍများအရ စဉ်းစားရန်)ဇယားတွင် မပါသော်လည်း ပညာရေးလုပ်ငန်းလုပ်ဆောင်နေသူများက ရှိခဲ့လျှင် အခြားမိတ်ဖက်များက ရှိခဲ့လျှင် အခြားမိတ်ဖက်များက ကျားမရေးရာ စိတ်၊ ကျန်းမာရေးနှင့် စိတ်ဓါတ်ရေးရာ ပံ့ပိုးမှု (MHPSS) HIV အသက်နှင့် သဘာဝပတ်ဝန်းကျင်စသည့် မိတ်ဖက်များနှင့် ညှိနှိုင်းလုပ်ဆောင်သင့်သည်။ GBV နှင့်ဆိုင်သော ညှိနှိုင်းလုပ်ဆောင်ရွက်မှုတာဝန်များကို **အပိုင်း ၂ ခေါင်းစဉ်အလိုက် လမ်းညွှန်တွင် ကြည့်ပါ။**

| | | |
|---|---|---|
| ပညာရေး | စခန်းတွင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် စခန်းတွင်း စီမံခန့်ခွဲမှု | ▶ CCCM မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ အလုပ်လုပ်ပါ။ ပညာရေးစီမံချက်အတွက် စခန်းအတွင်းရှိ လုံခြုံမှုရှိသော/မလုံခြုံသော နေရာများကို(ယာယီစာ သင်ရန်နေရာ အပါအဝင်) မိန်းကလေးများနှင့် အခြားအန္တရာယ်ရှိသော အုပ်စုများ၏ ဘေးကင်းလုံခြုံမှုဆိုင်ရာသတ်မှတ်ချက် အပေါ် အခြေခံပြီး သတ်မှတ်ဖော်ထုတ်ပါ။<br>▶ မျိုးဆက်ပွားအသက်အရွယ်ရှိ မိန်းကလေးများနှင့် အမျိုးသမီးများအား တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ဖြန့်ဝေးရာတွင် ပံ့ပိုးပေးပြီး ထိုအထောက်အပံ့ပစ္စည်းများအား ကျောင်းပတ်ဝန်းကျင်တွင် လျှော်ဖွတ်ရန်နှင့် စွန့်ပစ်ရန်အတွက် မိန်းကလေးများ၏ အခွင့်အရေးများနှင့် လိုအပ်ချပ်များနှင့် ကိုက်ညီမှုရှိသည့် စနစ်များကို စီစဉ်ရေးဆွဲပါ။<br>▶ မည်သည့်လူငယ်နှင့် ကျောင်းသူ/များက ကျောင်းတက်/မတက်သည့် အခြေအနေကို လေ့လာဆန်းစစ်ရန် ကျား မ ခွဲခြားထားပြီး ကျောင်းတက်သည့် မှတ်တမ်းနှင့် အစားအသောက် ဝေခြမ်းရေး မှတ်တမ်းများ သို့မဟုတ် စခန်းစာရင်းသွင်းထားသည့် မှတ်တမ်းနှင့် တိုက်ကာ  စစ်ဆေးပြီး သင့်တော်သလို လူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အဦးများအား စီစဉ်ရေးဆွဲပါ။ |
| | ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး | ▶ ကလေးသူငယ်ကာကွယ်ရေးနှင့်ဆိုင်သောလုပ်ငန်းများကို လုပ်ဆောင်နေသည့် သူများကို စားရင်းပြုစုထားပါ။<br>▶ GBV အန္တရာယ်မှ လွတ်မြောက်လာသူကလေးများအား ချဉ်းကပ်ရမည့် နည်းလမ်း နှင့် ဘေးကင်းလုံခြုံပြီး ကျင့်ဝတ်ကိုက်ညီကာ လျှို့ဝှက်စွာ အမြန်ဆုံးလွှဲပြောင်းနိုင်မည့်နည်းလမ်းများနှင့်ဆိုင်သော အကြောင်းအရာများကို  ဆရာ/ဆရာမများအား သင်တန်းပေးပါ။<br>▶ ကလေးသူငယ်စောင့်ရှောက်ရေးကိစ္စရပ်များသည်  ဆရာ/မ များနှင့် ဝန်ထမ်းများ၏ အလုပ်ခန့်အပ် ရွေးချယ် အကဲဖြတ်သည့် နေရာတွင် ထည့်စဉ်းစားစေရန် သေချာဆောင်ရွက်ပါ။<br>▶ အန္တရာယ်မှလွတ်မြောက်လာသူများ ဖွင့်ဟပြောဆိုချက်အရ ကလေးသူငယ်များ၏ ရင်းနှီးကျွမ်းဝင်သော စိတ်ကျန်းမာရေးနှင့် စိတ်လူမှု နှစ်သိမ့်ဆွေးနွေးမှုအတွက် လွှဲပြောင်းမည့်နေရာများနှင့် ဆိုင်သော အချက်အလက်များ ရယူပါ။ |

| | | |
|---|---|---|
| ပညာရေး | ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး | ▶ ကလေးများ၊ဆယ်ကျော်သက်များအတွက် ပညာသင်ကြားပေးသည့် နေရာ သွားသည့်လမ်းကြောင်းများကို စောင့်ကြပ်ကြည့်ရှုပြီး ဖြစ်နိုင်ချေ ရှိသော လုံခြုံမှုမရှိသည့်နေရာများအား အမှတ်လုပ်ထားပါ။/ မီးမှောင်းထိုးထားပါ။<br>▶ လက်ရှိရပ်ရွာလူထု၏ ကာကွယ်ရေးနည်းများကို အားကောင်းလာအောင် လုပ်ပေးခြင်းဖြင့် ကလေးများ၊ ဆယ်ကျော်သက်များ၊ ကျောင်းသွားရန် လုံခြုံမှုရှိအောင်  သေချာဆောင်ရွက်ပါ။ ဥပမာ- ကလေးငယ်စောင့်ရှောက်ရေးကော်မတီ၊ေ စာင့်ကြည့်ကော်မတီ၊ နေ့ကလေး ထိန်းဌာနများ၊ ယာယီစာသင်ရန်နေရာများ၊ အမျိုးသမီး၊ကလေးနှင့် ဆယ်ကျော် သက်တို့၏ ရင်းနှီးကျွမ်းဝင်သော နေရာ၊ ကလေးသူငယ်စောင့်ရှောက်ရေး ကွန်ယက်များ၊ အမျိုးသမီးများနှင့် ကလေးများအတွက် အမျိုးသားရဲများ၏ စောင့်ရှောက်မှု စသည့်ဖြင့်. |
| | စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး | ▶ ကျောင်းတွင်း အာဟာရ ကျွေးသောအဖွဲ့၊ အစားအစာ ဝေငှသူများ၏ စာရင်းကို ပြုစုထားပါ။ |
| | ကျန်းမာရေး | ▶ ကျန်းမာရေးကဏ္ဍတွင် အလုပ်လုပ်သူများ စာရင်းပြုစုထားသည့် ဆရာများ၊ ဆရာ/မ များ၊ ကျောင်းသားများ၊မိဘများနှင့် ရပ်ရွာ လူထုအား လိင်မှုရေးရာနှင့် မျိုးဆက်ပွား ကျန်းမာရေးအကြောင်း သင်တန်းပေးပါ။ (ကိုယ်ဝန်ဆောင်ခြင်း၊HIV ၊SPI၊ စသဖြင့်.)<br>▶ အမျိုးသမီးဝန်ထမ်းနှင့် ကျောင်းသူများအတွက် လိုအပ်သလို ကျန်းမာရေးသုံးပစ္စည်းပါသော ပုံးများဝေပါ။ |
| | အသက်မွေးဝမ်းကျောင်း | ▶ အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်သူများနှင့်အတူ အလုပ်လုပ်ပါ။<br>• စာတတ်မြောက်မှု၊ ငွေရေးကြေးရေးဆိုင်ရာစာပေများ၊ အသက်မွေးဝမ်းကြောင်း ဆိုင်ရာ အသက်မွေးဝမ်းကြောင်းမှု သင်တန်းများ စသည့် ကဏ္ဍများပါဝင်သည့် သမရိုးကျမဟုတ်သော ပညာသင်ကြားရေး စီမံချက်အား အကောင်ထည် ဖော်ပါ။<br>• ဤစီမံချက်ကို  စီးပွားရေး အားဖြည့်ပေးရန် လိုအပ်နေသည့် ကျောင်းပြင်ပ ရောက် လူငယ်များကို ထောက်ပံ့ပေး နေသည့် အသက်မွေးဝမ်း ကြောင်းစီမံ ချက်များနှင့်ချိတ်ဆက်ပေးပါ။ |

| | | |
|---|---|---|
| ရေရှည် | အဟာရ | ▶ အာဟာရလုပ်ငန်းလုပ်ကိုင်သူများနှင့်အတူတကွ လုပ်ဆောင်ပါ။<br>• ပညာရေးစီမံချက်တွင် - ကျောင်းသူများဖြစ်သော ကလေးသူငယ် အရွယ်မိခင်များ အပါအဝင် အလုပ်လုပ်နေသော မိခင်များအား ၎င်း၏ ကလေးများအား နို့တိုက်ကျွေးခြင်း၊ကလေးထိန်းပေးခြင်းဖြင့် ပံ့ပိုးပေးပါ။<br>• ကျောင်းတွင်းအာဟာရကျွေးသည့် စီမံချက်ကို အကောင်အထည် ဖော်ခြင်းဖြင့် မိဘမဲ့ကလေးများနှင့် ကလေးသူငယ် ဦးဆောင်သော အိမ်ထောင်များကို အထူး အာရုံစိုက်၍ ကျောင်းတက်နှုန်း မြှင့်တင်သော အားဖြင့် ထိုကလေးများသည်လည်း ပညာရေး သင်ကြားတက်ရောက်နိုင်ကြောင်း သေချာစေပါသည်။ |
| | အကာကွယ်ပေးမှု | ▶ စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေသော သူများနှင့် အတူတကွ ပူးပေါင်းလုပ်ကိုင်စေခြင်းဖြင့် သင် ကြားရေးပတ်ဝန်းကျင်နှင့် အနီးတစ်ဝိုက်တွက် ကာကွယ်မှုကို စောင့်ကြပ်ပါ။<br>▶ ဒေသတွင်းရှိဥပဒေ အာဏာပိုင်များနှင့် မိတ်ဖက် အနေဖြင့် ချိတ်ဆက်၍ GBV အန္တရာယ်ရှိသူ၏ ကျောင်းသွား၊ကျောင်းပြန်လုံခြုံနှင့် စပ်လျဉ်းသော အခွင့်အရေးများကို သေချာဆောင်ရွက်ပါ။ |
| | နေထိုင်စရာ၊ နေရာချထားရေးနှင့် ပြန်လည်ထူထောင်မှု | ▶ SS & R လုပ်သူများချင့်အတူ အလုပ်လုပ်ပါ။<br>အပြည်ပြည်ဆိုင်ရာ ဒီဇိုင်းနှင့်အညီ  သို့မဟုတ် သင့်လျော်သော နေရာထိုင်ခင်းနှင့် လုံခြုံပြီး  သွားရောက်နိုင်သည့် ကျောင်းသူ/သားများ အတွက် ကျောင်းများနှင့် အခြားပညာသင်ကြားရေးနေရာများကို ဒီဇိုင်းရေဆွဲပါ။<br>ကျောင်းတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းလုပ်နေစဉ်တလျှောက် လုံး၊GBV နှင့် ဆက်စပ်သော လုံခြုံမှုအကြောင်း သတ်မှတ်ဖော်ထုတ်ပါ။ |
| | တယ်လီဖုန်း၊ကြေးနန်းနှင့် ရေဒီယို တိုးမြှင့်ဆက်သွယ် ခြင်းကဏ္ဍ | ▶ ဆက်သွယ်ရေးကဏ္ဍနှင့် ချိတ်ဆက်၍ ပညာသင်ကြားရေးတွင် GBV အန္တရာယ် လျော့ကျစေရန် သတိပေးစနစ်များ ထားရှိပါ။ ဥပမာ- လက်ကိုင်ဖုန်းနှင့်အခြား နည်းပညာအသုံးပြု၍ စော်ကားမှုများကို တားဆီးပါ။ |
| | ရေ၊ တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ▶ ယောက်ျားလေးနှင့်မိန်းကလေး သီးသန့်ခွဲခြားထားသည့် အိမ်သာနှင့် ခြေလက်ဆေးသည့် နေရာအပါအဝင် ဘေးကင်းလုံခြုံ လက်လှမ်းမီမှုရှိပြီး သီးသန့်ရှိသည့် တစ်ကိုယ်ရေးသန့်ရှင်းရေး အထောက်အပံ့နေရာများကို ဒီဇိုင်းရေးဆွဲ ဆောက်လုပ်ပါ။<br>▶ GBV သတင်းအချက်အလက်များ ထည့်သွင်းထားသည့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်ပါ။<br>▶ တစ်ကိုယ်ရေးသန့်ရှင်းရေး အသုံးအဆောင်များကို ဆီလျော်သည့် နေရာတွင် အမျိုးသမီးဝန်ထမ်းများနှင့် ကျောင်းသူများအား ပံ့ပိုးပေးပါ။ |

## စီမံကိန်းအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းများတွင် GBV ကို ထည့်သွင်းစဉ်းစား ရမည့် အဓိက အချက်များ

အောက်တွင်ဖော်ပြထားသော ညွှန်းကိန်းများမှာ ဤအကြောင်းရာနယ်ပယ်တွင် ပါရှိသည့် ထောက်ခံ အကြံပြုချက်များပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး ပြီးပြည်စုံမှု မရှိသေးပါ။ ဤညွှန်းကိန်းများကို စီမံကိန်းသက်တမ်းတစ်လျှောက် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၏ တိုးတက်မှုနှင့် ရလဒ်များကို တိုင်းတာရန် အသုံးပြုနိုင်ပါသည်။ နောက်ဆုံး ရည်ရွယ်သည်မှာ ထိရောက်မှုရှိသော စီမံကိန်းဖြစ်စေရန် နှင့် ထိခိုက်ခံစားရသော လူထုအတွက် တာဝန်ခံယူမှုကို တိုးတက်စေရန်ဖြစ်သည်။ "ညွှန်းကိန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်" သည် ညွှန်ကိန်းကို တိုင်းတာရန် လိုအပ်သော အချက်အလက်များကို ဖော်ပြသည်။ "ဖြစ်နိုင်ချေရှိသည့် အချက်အလက်အရင်းအမြစ်" သည့် ကဏ္ဍ သို့မဟုတ် မိတ်ဖက်အဖွဲ့ များနှင့် လိုအပ်သော သတင်းအချက်အလက် ကောက်ယူနိုင်ရန် လက်ရှိ ရှိနေသော အရင်းအမြစ်များကို အကြံပြုပေးပါသည်။ "ပန်းတိုင်သတ်မှတ်ချက်" မှာ အောင်မြင်မှုရအောင် အကောင်ထည်ဖော် လုပ်ဆောင်ရန်အတွက် သတ်မှတ်ပေးထားသော အဆင့်ဖြစ်ပါသည်။ "အခြေခံညွှန်းကိန်းများ"မှာ စီမံကိန်း၏ အစောဆုံး အချိန်များတွင် ကောက်ယူပြီး နောက်ထပ် တိုင်းတာမှုများအတွက် ရည်ညွှန်း အမှတ်အဖြစ် သုံးရန်ဖြစ်သည်။ လုပ်ငန်းရလဒ် (output) မှာ လုပ်ငန်းတစ်ခုမှ ထွက်ပေါ်လာသည့် မြင်သာသည့် လတ်တလော ရလဒ်ဖြစ်သည်။ စီမံကိန်းရလဒ် (outcome) မှာ လူမှုရေး အမူအကျင့် နှင့်ပတ်ဝန်းကျင်း အခြေအနေ တိုးတက်ပြောင်းလဲမှုများကို တိုင်းတာပါသည်။ လုပ်ငန်းပန်းတိုင်ကို လုပ်ငန်းတစ်ခု မဆောင်ရွက်မီ သတ်မှတ်သင့်ပြီး စီမံချက်အား ဆောင်ရွက်စဉ်တစ်လျှောက် စီမံချက်၏ အချိန်အတိုင်းအတာ၊ ရရှိနိုင်သော အရင်းအမြစ်များနှင့် **နောက်ခံအခြေအနေတို့အပေါ်** အခြေခံ၍ လက်ရှိအနေအထားနှင့် သင့်လျော်စေရန် ညှိနှိုင်းပြင်ဆင်နိုင်သည်။

ဤအကြောင်းအရာနယ်ပယ်ကို ကိုယ်စားပြုသည့် သက်ဆိုင်ရာကဏ္ဍများမှ ညွှန်းကိန်းများကို ကောက်ယူပြီး အစီရင်ခံစာ ပို့သင့်သည်။ ညွှန်းကိန်းအချိုးအား ထိုကဏ္ဍ၏ ကိုယ်ပိုင်လမ်းညွှန်ချက်နှင့် အရင်းမြစ်များမှ ရရှိနိုင်သည်။ (ဇယား၏ အောက်တွင်ကြည့်ပါ)။ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် ပိုမိုသိရှိလိုပါက အပိုင်း(၂)- အဓိက အကြောင်းအရာ နယ်ပယ်အလိုက် လမ်းညွှန်၏ နောက်ခံသမိုင်းကြောင်းများ- တွင်ကြည့်ပါ။

ညွှန်းကိန်းများကို ဖြစ်နိုင်သည့် အတိုင်းအတာအထိ အသက်အရွယ်၊ ကျားမ၊ မသန်စွမ်းမှုနှင့် အခြားထိခိုက်လွယ်မှု အချက်အလက်များအရ ခွဲခြားဖော်ပြသင့်သည်။ အန္တရာယ်ကျလွယ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုနှင့် စပ်လျဉ်း၍ ပိုမိုသိရှိလိုပါက အပိုင်း (၁) - မိတ်ဆက် တွင်ကြည့်ပါ။

| စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အညွှန်းကိန်းများ | | | | စီမံကိန်းအဆင့် | | |
|---|---|---|---|---|---|---|
| ညွှန်းကိန်းများ | ညွှန်းကိန်းအဓိပ္ပါယ်သတ်မှတ်ချက် | အချက်အလက်ရနိုင်သော ရင်းမြစ် | ပန်းတိုင် | အခြေခံ | လုပ်ငန်းရလဒ် | စီမံကိန်း ရလဒ် |
| **ဆန်းစစ်ခြင်း၊ စိတ်ဖြာလေ့လာခြင်း နှင့် အစီအစဉ်ရေးဆွဲခြင်း** | | | | | | |
| ပညာရေးကဏ္ဍအတွက် ဆန်းစစ်လေ့လာမှု များတွင် GBV မေးခွန်း များကို ထည့်သွင်းခြင်း | GBV လမ်းညွှန်းများx GBV နှင့် ဆက်နွယ်သော မေးခွန်းများ ပါဝင်သည့် ပညာရေး ကဏ္ဍ ဆန်းစစ် လေ့လာမှုအရေအတွက် x ၁၀၀<br>――――――――<br>ပညာရေး ကဏ္ဍလေ့လာမှု အရေအတွက်<br><br>*ဆန်းစစ်လေ့လာမှု မေးခွန်းများတွင် ဆီလျော်သလို ပြုပြင်ထည့်သွင်းနိုင် သည့် လေ့လာရမည့် GBV နယ်ပယ်များ အား စာမျက်နှာ (၁၃)တွင် ကြည့်ပါ။ | ဆန်းစစ်မှု အစီရင်ခံစာများနှင့် လုပ်ငန်း အထောက်အကူများ သို့မဟုတ် ကဏ္ဍ အဆင့် | ၁၀၀% | ✓ | ✓ | |
| ဆန်းစစ်လေ့လာမှုတွင် အမျိုးသမီးများ ပါဝင်မှု | ဆန်းစစ်လေ့လာမှုတွင် ပါဝင်ဖြေဆိုသည့် အမျိုးသမီး အရေအတွက် x ၁၀၀<br>――――――――<br>ဆန်းစစ်လေ့လာမှုတွင် ပါဝင်ဖြေဆိုသူ အရေအတွက်<br>နှင့်<br><br>ဆန်းစစ်လေ့လာမှုအဖွဲ့၏အမျိုးသမီးအဖွဲ့ဝင် အရေအတွက် x ၁၀၀<br>――――――――<br>ဆန်းစစ်လေ့လာမှုအဖွဲ့ဝင်အရေအတွက် | ဆန်းစစ်မှု အစီရင်ခံစာ အေဂျင်စီ သို့မဟုတ် ကဏ္ဍအဆင့် | ၅၀% | ✓ | ✓ | ✓ |
| စာသင်ကြားသည့် ပတ်ဝန်းကျင် နေရာများတွင် GBV အန္တရာယ် ဖြစ်စေနိုင်သော အချက်များအား ဘေးဒဏ်သင့် လူများနှင့် တိုင်ပင်ဆွေးနွေးမှု<br><br>ကျား/မအသက် အရွယ်အလိုက် ခွဲခြားကာ တိုင်ပင် ဆွေးနွေးမှု | အရေအတွက်ဆိုင်ရာ<br>GBV  အန္တရာယ် ဖြစ်စေနိုင်သော အချက်များအား ထိခိုက် ခံစားရသော လူထုနှင့် တိုင်ပင်ဆွေးနွေး သည့်သင်ကြားရေး ဝန်းကျင်အရေအတွက် X ၁၀၀<br>――――――――<br>သင်ကြားရေးဝန်းကျင် အရေအတွက်<br><br>အရည်အသွေးဆိုင်ရာ<br>စာသင်ကြားရေးဝန်းကျင် နေရာများအတွင်းနှင့် ပတ်ဝန်းကျင်တွင် ထိခိုက်ခံစား ရသော လူထုသည် မည်သို့သော GBV အန္တရာယ် ဖြစ်စေနိုင်ခြေ အမျိုးအစား များကို တွေ့ကြုံနေရပါသနည်း။ | အဖွဲ့ အစည်း ဆိုင်ရာ မှတ်တမ်း များ၊ ဦးတည် အုပ်စု ဆွေးနွေးပွဲများ (FGD)၊ အဓိက သတင်း အချက် အလက် ပေးနိုင် သူနှင့် တွေ့ဆုံမေးမြန်းသူများ (KII) ဆန်းစစ်မှုအစီရင် ခံစားများ | ၁၀၀% | ✓ | ✓ | |

| စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အညွှန်းကိန်းများ | | | | စီမံကိန်းအဆင့် | | |
|---|---|---|---|---|---|---|
| ညွှန်းကိန်းများ | ညွှန်းကိန်းအဓိပ္ပါယ်သတ်မှတ်ချက် | အချက်အလက်ရနိုင်သော ရင်းမြစ် | ပန်းတိုင် | အခြေခံ | လုပ်ငန်းရလဒ် | စီမံကိန်း ရလဒ် |
| အမျိုးသမီးများအတွက် ကျောင်းတက်ရာတွင် ကြုံတွေ့ရသည့် အန္တရာယ် ၏ အကြောင်းအရင်း | ကိန်းဂဏန်းအချက်အလက် ကျောင်းတက်မည်ဟုပြောသောကြောင့် GBV ခြိမ်းခြောက်ခံရသည့် အမျိုးသမီးအရေတွက x ၁၀၀ / ကျောင်းတက်ရန် တောင်းဆိုသော အမျိုးသမီး အရေအတွက် အရည်အသွေးဆိုင်ရာ | စစ်တမ်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်း | ၁၀၀% | ✓ | | ✓ |
| **အရင်းအမြစ်များအား ရှာဖွေစုဆောင်းခြင်း** | | | | | | |
| ပညာရေးဆိုင်ရာ ရန်ပုံငွေ အဆိုပြုလွှာများ သို့မဟုတ် နည်းဗျူဟာ များတွင် GBV အန္တရာယ် လျော့ချရေးအား ထည့်သွင်းခြင်း | GBV လမ်းညွှန်းများမှ GBV အန္တရာယ် လျော့ချရေး ရည်ရွယ်ချက်၊ လုပ်ငန်း သို့မဟုတ် အညွှန်းကိန်း အနည်းဆုံး တစ်ခုထည့်သွင်းထားသော ပညာရေးဆိုင်ရာ ရန်ပုံငွေ အဆိုပြုလွှာ သို့မဟုတ် နည်းဗျူဟာ အရေအတွက် x ၁၀၀ / ပညာရေး ဆိုင်ရာရန်ပုံငွေ အဆိုပြုလွှာ သို့မဟုတ် နည်းဗျူဟာ အရေအတွက် | အဆိုပြု လွှာများ အား ပြန်လည် ဆန်းစစ် ခြင်း (အေဂျင် စီ အဆင့် သို့မဟုတ် ကဏ္ဍအဆင့် | ၁၀၀% | ✓ | ✓ | |
| ပညာရေး ဝန်ထမ်းများအား GBV လမ်းညွှန်း မှုများကို လေ့ကျင့် သင်တန်းပေးခြင်း | GBV လမ်းညွှန်းသင်တန်းတွင် တက်ရောက်ခဲ့သော ပညာရေးဝန်ထမ်း အရေအတွက် x ၁၀၀ / ပညာရေးဝန်ထမ်းအရေတွက် | သင်တန်း တက် ရောက်သူများ စာရင်း၊ အစည်း အဝေး မှတ်တမ်း၊စစ်တမ်း (အေဂျင်စီအဆင့် သို့မဟုတ် ကဏ္ဍအဆင့်) | ၁၀၀% | ✓ | ✓ | |

| စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အညွှန်းကိန်းများ | | | | စီမံကိန်းအဆင့် | | |
|---|---|---|---|---|---|---|
| ညွှန်းကိန်းများ | ညွှန်းကိန်းအဓိပ္ပါယ်သတ်မှတ်ချက် | အချက်အလက်ရနိုင်သော ရင်းမြစ် | ပန်းတိုင် | အခြေခံ | လုပ်ငန်းရလဒ် | စီမံကိန်း ရလဒ် |
| **လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း** | | | | | | |
| ▶ စီမံကိန်းရေးဆွဲခြင်း | | | | | | |
| ပညာရေးဆိုင်ရာ ရပ်ရွာအခြေပြုကော်မတီတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု | ပညာရေးဆိုင်ရာ ရပ်ရွာအခြေပြုကော်မတီ တွင်ပူးပေါင်းပါဝင်သည့်လူအရေအတွက် x အမျိုးသမီး x ၁၀၀<br>———<br>ပညာရေးဆိုင်ရာ ရပ်ရွာအခြေပြုကော်မတီ တွင်ပူးပေါင်းပါဝင်သည့်လူအရေအတွက်<br><br>အရည်အသွေးဆိုင်ရာအချက်အလက် အမျိုးသမီးများအနေဖြင့် ပညာရေးဆိုင်ရာ ရပ်ရွာအခြေပြုအဖွဲ့တွင် ပါဝင်သည့် ၎င်းတို့အမြင်က ဘာလဲ။ အတားအဆီး တွေက ဘာလဲ။ ပညာရေးဆိုင်ရာ ရပ်ရွာအခြေပြုအဖွဲ့တွင် မိဘဆရာသင်းလည်းပါသည်။ | စစ်တမ်း FDG၊ KII လူထုပါဝင်ဆောင်ရွက်သည့် မြေပုံဆွဲခြင်း | ၅၀% | ✓ | | ✓ |
| ထိခိုက်မှုရှိသောနေရာများတွင် ဆရာ/မ၏ အချိုး | *အရေအတွက်ဆိုင်ရာ-*<br>ထိခိုက်မှုရှိသောနေရာတွင် စာသင်သည့် ဆရာမအရေအတွက်<br>———<br>ထိခိုက်မှုရှိသောနေရာတွင် စာသင်သည့် ဆရာအရေအတွက် | အဖွဲ့အစည်း မှတ်တမ်း | ၁း၁ | ✓ | ✓ | |
| ထိခိုက်မှုရှိသောနေရာ များတွင် ပညာသင်ကြားတက် ရောက်သည့် ထိခိုက်မှုရှိသော မိန်းကလေး ယောက်ျားလေး အချိုး<br><br>အချက်အလက်များကို အသက်အရွယ်နှင့် GBV အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပါ။ | ထိခိုက်မှုရှိသောနေရာ များတွင် ပညာသင်ကြားတက် ရောက်သည့် မိန်းကလေးအရေအတွက်<br>———<br>ထိခိုက်မှုရှိသောနေရာ များတွင် ပညာသင်ကြားတက် ရောက်သည့် ယောက်ျားလေး အရေအတွက် | ပူးတွဲပညာရေးဆိုင်ရာ လိုအပ်ချက် စစ်တမ်း ကောက်ယူခြင်း W matrix | ပြဿနာ မဖြစ်မီ ရှိသော အချက်အလက် ပေါ် အခြေခံ ကာ ဆုံးဖြတ် မည် | ✓ | | ✓ |

| စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အညွှန်းကိန်းများ | | | | စီမံကိန်းအဆင့် | | |
|---|---|---|---|---|---|---|
| ညွှန်းကိန်းများ | ညွှန်းကိန်းအဓိပ္ပါယ်သတ်မှတ်ချက် | အချက်အလက်ရနိုင်သော ရင်းမြစ် | ပန်းတိုင် | အခြေခံ | လုပ်ငန်းစဉ်ရလဒ် | စီမံကိန်း ရလဒ် |
| လက်ရှိ တာဝန်ထမ်းဆောင် နေသော ဝန်ထမ်းမှ စံသတ်မှတ် စည်းကမ်းကို လက်မှတ်ထိုးသူများ | လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းမှ စံသတ်မှတ်စည်းကမ်းကို လက်မှတ်ထိုးသူအရေအတွက် x ၁၀၀<br>―――――<br>လက်ရှိတာဝန်ထမ်းဆောင်နေသောဝန်ထမ်း အရေအတွက် | အဖွဲ့အစည်း၏ မှတ်တမ်း | ၁၀၀% | ✓ | ✓ | |
| ကျောင်းတွင်းရှိ GBV လွတ်မြောက်လာသူအား တိုင်တန်းခြင်းနှင့် လွှဲပြောင်းပေးခြင်းစနစ် | GBV လွတ်မြောက်လာသူအား တိုင်တန်းခြင်းနှင့် လွှဲပြောင်းပေးခြင်းစနစ်ရှိသည့် ကျောင်း အရေအတွက် x ၁၀၀<br>―――――<br>ကျောင်းအရေအတွက်/သင်ကြားရေး ဌာနအရေအတွက် | အုပ်စုဖွဲ့ဆွေးနွေးခြင်း KII | ၁၀၀% | ✓ | ✓ | |
| ▶ ပေါ်လစီ | | | | | | |
| ပညာရေးဆိုင်ရာပေါ်လစီ၊ လမ်းညွှန်နှင့် စံသတ်မှတ်ချက်တွင် GBV တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်အရေး ယူမှုအား ထည့်သွင်းစေခြင်း | GBV ၏ တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် အရေးယူဆောင်ရွက်ရေးပါဝင်စေသည့် ပညာရေး ပေါ်လစီ၊ လမ်းညွှန်နှင့် စံသတ်ချက်အရေအတွက် x ၁၀၀<br>―――――<br>ပညာရေး ပေါ်လစီ လမ်းညွှန်နှင့် စံသတ်မှတ်ချက် | စာရွက်စာတမ်းများအား ပြန်လည်း ဆန်းစစ်ခြင်း (အဖွဲ့အစည်းကဏ္ဍ၊ အမျိုးသားအဆင့်နှင့် ကမ္ဘာ့အဆင့်) | ကွင်းဆင်း လေ့လာ သည့် အခါ ဆုံးဖြတ် ခြင်း | ✓ | | ✓ |
| ▶ ဆက်သွယ်ပြောဆိုမှုများနှင့် သတင်းအချက်အလက်မျှဝေမှုများ | | | | | | |
| GBV အစီရင်ခံစာများအား မျှဝေပေးရာတွင် လျှို့ဝှက် ချက်ထိန်းသိမ်းထားရှိသည့် ဝန်ထမ်းများ၏ ဗဟုသုတ | မေးမြန်းရာတွင် GVB အမှုကိစ္စများဆိုင်ရာ သတင်းကိစ္စများမျှ ဝေမှုတွင် အကြမ်းဖက်ခံရသူ မည်သူမည်ဝါဆိုသည်ကို သိရှိသွားနိုင်သော အချက်အလက်များအား မဖော်ပြသင့်သော မှန်ကန်စွာ ချက်ခြင်းဖြေဆိုနိုင်သော ဝန်ထမ်းများ အရေအတွက် x ၁၀၀<br>―――――<br>စစ်တမ်းတွင် ပါဝင်သော ဝန်ထမ်းအရေအတွက် | စစ်တမ်းကောက်ယူခြင်း (အောဂျင်စီ သို့မဟုတ် စီမံကိန်း အဆင့်) | ၁၀၀% | ✓ | | |

| စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းအတွက် အညွှန်းကိန်းများ | | | | စီမံကိန်းအဆင့် | | |
|---|---|---|---|---|---|---|
| ညွှန်းကိန်းများ | ညွှန်းကိန်းအဓိပ္ပါယ်သတ်မှတ်ချက် | အချက်အလက်ရနိုင်သော ရင်းမြစ် | ပန်းတိုင် | အခြေခံ | လုပ်ငန်းရလဒ် | စီမံကိန်း ရလဒ် |
| GBV လွှဲပြောင်းစနစ်အကြောင်း အချက်အလက်များကို ပညာရေးဆိုင်ရာ ကွင်းဆင်းလုပ်ငန်းများတွင် ပါဝင်စေခြင်း | GBV အန္တရာယ်ဖြစ်နိုင်ခြေများကို မည်သည့် နေရာကို သတင်းပို့နိုင်မည်၊ အကြမ်းဖက်ခံရသူများအတွက် ကုသစောင့်ရှောက်မှုများကို မည်သည့်နေရာတွင် လက်လှမ်းမီရရှိနိုင်မည် ဟူသည့် သတင်းအချက်အလက်များ ပါဝင်သောလူထုတွင်းကွင်းဆင်းဆောင်ရွက်သည့် ပညာရေး လုပ်ငန်းစဉ်များအရေအတွက် x ၁၀၀<br>―――――――――――<br>လူထုတွင်း ကွင်းဆင်းဆောင်ရွက်သည့် ပညာရေးလုပ်ငန်း အစီအစဉ်များ အရေအတွက် | စာအုပ်၊ စာပေ မှတ်တမ်းများအား ပြန်လည်ဆန်းစစ်လေ့လာခြင်း၊ အဓိကသတင်းအချက်အလက်ပေးနိုင်သူနှင့် တွေ့ဆုံဆွေးနွေးခြင်း KII, စစ်တမ်း (အဖွဲ့အစည်းအဆင့်နှင့် ကဏ္ဍအဆင့်) | ကွင်းဆင်းသည့်အခါ ဆုံးဖြတ်ရန် | ✓ | ✓ | |
| **ညှိနှိုင်းဆောင်ရွက်ခြင်း** | | | | | | |
| GBV အန္တရာယ်လျှော့ချရေးဆိုင်ရာ လုပ်ငန်းများ ၏ ညှိနှိုင်း ဆောင်ရွက်ခြင်း | GVB အန္တရာယ်လျှော့ချရေးလုပ်ငန်းများ သတ်မှတ်ဖော်ထုတ်ရန် ဆွေးနွေးသည့် ပညာရေးမဟုတ်သော ကဏ္ဍအရေအတွက်x ၁၀၀<br>―――――――――――<br>လူသားချင်းစာနာမှုဖြင့် တုံ့ပြန်ဆောင်ရွက်နေမှုတစ်ခုတွင် စခန်းအဆင့်တွင်ပါဝင်နေကြသော ပညာရေးမဟုတ်သည့်ကဏ္ဍအရေအတွက်<br><br>ကဏ္ဍများနှင့် GBV ဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်းများ စာမျက်နှာ ၃၆ တွင် ဖော်ပြထားသည်။ | KII၊ အစည်းအဝေး မှတ်တမ်းများ၊ (အဖွဲ့အစည်းအဆင့်နှင့် ကဏ္ဍအဆင့်) | ကွင်းဆင်းသည့်အခါ ဆုံးဖြတ်ရန် | ✓ | ✓ | |

## Key Resources

- The **Inter-Agency Network for Education in Emergencies (INEE)** and its Gender Task Team have created a series ofresources, including 'Preventing and Responding to Gender-Based Violence in andthrough Education'. Inter-Agency Network for Education in Emergencies, <http://toolkit.ineesite.org/resources/ineecms/uploads/1059/Preventing_and_Responding_to_GBV.pdf>INEE Toolkit, <http://toolkit.ineesite.org> INEE Toolkit's Gender Section, <http://toolkit.ineesite.org/inee_minimum_standards/implementation_tools/%3Ch3%3Ekey_thematic_issues%3Ch3%3E/gender> *Gender Equality in and through Education: INEE pocket guide to gender*, http://toolkit.ineesite.org/pocket_guide_to_gender
- The **Joint Education Needs Assessment Toolkit**, <www.savethechildren.org.uk/sites/default/files/docs/Ed_NA_Toolkit_Final_1.pdf>. This resource has been developed by the Global Education Cluster to enable Education Cluster staff andpartners in the field to: undertake preparedness planning for emergency assessments collectively design and conduct an education needs assessment (rapid and/or comprehensive) generate reliable, comprehensive and timely information needed to guide effective inter-agency education in emergencies responses highlight immediate, critical education issues and ensure effective coordination across education partners in an emergency.
- The **Good School Toolkit** by Raising Voices in Uganda contains a set of ideas and tools that will help educators explore what a good school is and guide them through a process that will help them create one. It was developed with the help of schools in Uganda and deliberately focuses on ideas and activities that do not require specific financial resources—just commitment and perseverance. <http://raisingvoices.org/good-school>
- For a training manual for students on preventing schoolrelated violence against girls, see: **United States Agency for International Development. 2009.** 'Doorways 1: Student training manual on school-related gender-based violence prevention and response', http://pdf.usaid.gov/pdf_docs/pnado240.pdf
- The IASC has created an online course that provides the basic steps a humanitarian worker must take to ensure gender equality in programming, including education. To access the course see **Inter-Agency Standing Committee. 2010.** 'Different Needs – Equal Opportunities: Increasing effectiveness of humanitarian action for women, girls, boys and men', <www.interaction.org/iascgender- elearning>
- For a checklist for ensuring gender-equitable programming in the education sector, see **Inter-Agency Standing Committee. 2006.** Gender Handbook in Humanitarian Action, <https:// interagencystandingcommittee.org/system/files/legacy_files/ IASC%20Gender%20Handbook%20%28Feb%202007%29.pdf>
- For a toolkit and recommendations from UNHCR on preventingand responding to violence against women and girls in refugeeschools, see **United Nations High Commissioner for Refugees(UNHCR). 2007.** *Safe Schools and Learning Environment: How to prevent and respond to violence in refugee schools*. Geneva: Technical Support Section, Division of Operational Services, UNHCR, http://toolkit.ineesite.org/toolkit/INEEcms/uploads/1048/Codes_of_Conduct_Refugee_Schools.PDF

- **Fancy, K., and McAslan Fraser, E. 2014.** 'DFID Guidance Noteon Addressing Violence against Women and Girls (VAWG) in Education Programmes'. London: VAWG Helpdesk, <https:// www.gov.uk/government/publications/violence-againstwomen-and-girls-addressing-violence-against-women-andgirls- in-education-programming>
- **United Nations Population Fund and Save the Children. 2009.** 'Adolescent Sexual and Reproductive Health Toolkit for Humanitarian Settings: A companion to the *Inter-Agency Field Manual on Reproductive Health in Humanitarian Settings*', <www.unfpa.org/publications/adolescent-sexual-andreproductive- health-toolkit-humanitarian-settings>. This toolkit provides information and guidance to advocate for adolescent sexual and reproductive health (ASRH) and implement adolescent-inclusive SRH interventions.
- For a curriculum to help facilitate dialogue between adults and young people on issues related to adolescent reproductive health, see **Program for Appropriate Technology in Health (PATH). 2006.** *Tuko Pamoja: Adolescent reproductive health and life skills curriculum.* Nairobi, www.popcouncil.org/uploads/ pdfs/frontiers/Manuals/KARHP_guide1.pdf
- **Women's Commission for Refugee Women and Children. 2005.** '"Don't Forget Us": The education and gender-based violence protection needs of adolescent girls from Darfur in Chad'. New York: WRC, www.refworld.org/docid/48aa830f24.html
- **World Bank. n.d.** 'Addressing Violence against Women within the Education Sector', http://siteresources.worldbank.org/ INTGENDER/Resources/Education.pdf
- **United Nations High Commissioner for Refugees and Save the Children UK. 2002.** 'Note for Implementing and Operational Partners: Sexual violence & exploitation – The experience of refugee children in Guinea, Liberia and Sierra Leone', <www. savethechildren.org.uk/sites/default/files/docs/sexual_ violence_and_exploitation_1.pdf>
- For programme strategies targeting work with boys to end violence against women and girls, see: **Oxfam GB and KAFA. 2011.** 'Women and Men Hand in Hand against Violence: Strategies and approaches of working with men and boys for ending violence against Women', http://policy-practice.oxfam. org.uk/publications/women-and-men-hand-in-hand-againstviolence- strategies-and-approaches-of-workin-118174 (English); <www.kafa.org.lb/StudiesPublicationPDF/PRpdf18. pdf> (Arabic)
- For tools and resources for life skills facilitators, see **WarChild Holland's 'I Deal'** series: www.warchildlearning.org/
- For a report documenting and sharing some of the key successes and examples of best practice emerging from one of the organization's flagship multi-country girls' education initiatives, see **ActionAid. 2013.** 'Stop Violence against Girls in School: Success stories', www.actionaid.org/sites/files/ actionaid/svags_success_stories.pdf



<www.gbvguidelines.org>

Global Protection Cluster
GBV Prevention and Response

<http://gbvaor.net>

IASC
Inter-Agency Standing Committee

<https://interagencystandingcommittee.org>